


# ပြုံးပြီးအားထုတ်ကြပါ
# အဖိုးတန်လွန်းလို့ပြောနေတာ

၁၉၉

ဟောကြားသည့်နေ့
(၁၄ - ၁၀ - ၆၁)

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၂၁)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

## ပြုံးပြီးအားထုတ်ကြပါ
## အဖိုးတန်လွန်းလို့ ပြောနေတာ

ဟောကြားသည့်နေ့ (၁၄-၁၀-၆၁)

ဒိဋ္ဌိဆိုတဲ့ဥစ္စာက ဒကာကြွယ်တို့ မှတ်စရာက သူစွဲချင်တဲ့ နေရာစွဲပြီး ယူချင်တဲ့နေရာ ယူနေတာပဲ . . . (မှန်လှပါဘုရား)။ ခိုင်တယ်၊ မြဲတယ် အမျိုးမျိုးအဖုံဖုံ ယူချင်ယူပြီး သကာလနေတော့၊ ဒိဋ္ဌိဆိုတဲ့တရားက သေသေချာချာမှတ်တော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မှ ကန့်ကွက်တယ်. . . (မှန်ပါ့) နတ်ရွာသုဂတိ မကန့်ကွက်ပါဘူး . . . (မှန်ပါ့)။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တော့ ဘာတုံး . . . (ကန့်ကွက်ပါတယ်ဘုရား) နတ်ရွာသုဂတိကျတော့ . . . (မကန့်ကွက်ပါဘုရား)။

ဩော် . . . ဒါဖြင့် သူ့ဟာက အရေးမကြီးတဲ့နေရာကျ တော့ သူတော်အောင်ပဲ အကျိုးပေးခိုင်းတယ် . . . (မှန်ပါ့) အရေးကြီးတဲ့နေရာကျတော့ ကန့်ကွက်တယ်. . . (မှန်ပါ့ဘုရား) ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဒို့ပြင် ဟာထက် သူအရေးကြီးတော့တယ်ဆိုတဲ့ဥစ္စာ ဒကာကြွယ် ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။

## တဏှာနဲ့ဒိဋ္ဌိဘယ်ဟာအရင်ခွာရမယ်

တဏှာခွာမှုနဲ့ ဒိဋ္ဌိခွာမှုသည် ဒကာ ဒကာမတို့ ဒိဋ္ဌိရှေ့ထား၊ တဏှာနောက်မှ ခွာပါ . . . (မှန်ပါ့)။

တဏှာနဲ့ဒိဋ္ဌိ ဘယ်ဟာ အရင်ခွာကြမယ် . . . (ဒိဋ္ဌိအရင် ခွာကြပါမယ်ဘုရား) ဒိဋ္ဌိအရင်ခွာရမယ် . . . (မှန်ပါ့)။

ဒိဋ္ဌိ အရင်ခွာလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဒိဋ္ဌိက ဒကာ ဒကာမတို့ ဘယ်မှာ ကပ်နေသတုံးလို့မေးလို့ရှိရင်ဖြင့် ခန္ဓာပေါ်မှာ အထင်လွဲ၊ အမြင်လွဲ၊ အယူမှားအဖြစ်နဲ့ ကပ်နေပါတယ် . . . (မှန်ပါ့)။

အဲဒီတော့ အခုဟောရမှာက မဟာတဏှာ သင်္ခယသုတ်ဆိုတော့ သာတိရဟန်းကို အကြောင်းပြုပြီး ဘုရားက ဟောရတယ်. . . (မှန်ပါ့)။

သာတိရဟန်းက ဘယ်လိုယူထားသတုံး ... လို့ မေးတဲ့ အခါကျလို့ရှိရင်ဖြင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဇာတ်ကြီးဆယ်ဘွဲ့ ဟောလိုက်တယ် ... (မှန်ပါ့)။

သူဖြစ်ခဲ့ပုံတွေ ဇာတ်ကြီးဆယ်ဘွဲ့ ဟောလိုက်တဲ့ အခါကျတော့၊ သူယူလိုက်တာက တရားနာရင်း မတွက်နဲ့ ဇွဲဖောက်ပြီးသကာလ၊ ခန္ဓာငါးပါး ရှိသည့်အနက်က ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဟာတော့ဖြင့် တစ်ဘဝ၊ တစ်ဘဝမှာ ချုပ်ပျောက်ပျက်စီးပြီး နေရစ်တယ် ... (မှန်ပါ့)။

ဝိညာဏက္ခန္ဓာဆိုတဲ့ ခမ္မကတော့ဖြင့် လူတစ်ယောက် ဒီဝမ်းထဲမှာ မကောင်းလို့ သူက နတ်ဝမ်းထဲပြောင်းလိုက်တယ် ... (မှန်ပါ့ဘုရား) ဗြဟ္မာ့ဝမ်းထဲပြောင်းလိုက် ... (မှန်ပါ့) ဆိုတော့ အားလုံး ဒကာ ဒကာမတွေ သူက မသေဘူးပေါ့ဗျာ ... (မှန်ပါ့ဘုရား)။

## ဝိညာဏ်ပြောင်းတယ်လို့ယူတယ်

မသေတာကို သေသေချာချာ သူသည်ကားလို့ဆိုရင် ယူထားတော့ ဒါ့ကြောင့် ဇာတ်ကြီးဆယ်ဘွဲ့မှာ ဝိညာဏ်ပြောင်း တယ် ... (မှန်ပါ့ဘုရား)။

ဇာတ်ကြီးဆယ်ဘွဲ့မှာ . . . (ဝိညာဏ် ပြောင်းပါတယ် ဘုရား) ဝိညာဏ်ပြောင်းတယ်လို့ ဤကဲ့သို့ ယူလိုက်တဲ့အတွက် ဝိညာဏ်မသေဘူးတဲ့ . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘယ်လိုမှတ်မလဲတဲ့ . . . (ဝိညာဏ် မသေပါတဲ့ဘုရား) ဝိညာဏ်မသေဘူးလို့ . . . သာတိယူတယ် လို့ မှတ်လိုက်တာပေါ့ . . . (မှန်ပါ့ဘုရား)။

## ဘုရားကဘယ်ဝိညာဏ်မဆို အနိစ္စလို့ဟောတယ်

ဩော် . . . ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားကလဲ ဟောထားတာက ဝိညာဏံ အနိစ္စံ . . . (မှန်ပါ့) ဝိညာဏ် ဘယ်ဝိညာဏ်မဆို အနိစ္စံ . . . အနိစ္စပဲကွ . . . (မှန်ပါ့ဘုရား)။

ဒီနေရာဖြစ်ရင် ဒီနေရာပဲပျောက်ပြီး တခြားနေရာ မပြောင်းနိုင်ဘူးလို့ ဟောထားတယ် . . . (မှန်ပါ့) သူက တော့ဖြင့် ဘယ်တော့မှ မသေဘူး၊ ဝိညာဏ်ဟာ ဒီအထည် မကောင်းလို့ ဟိုအထည်ပြောင်းဝတ်သလို . . . (မှန်လှပါ) ဒကာ ဒကာမတို့ သိတဲ့အတိုင်းတဲ့ ဒီဝိညာဏ်ကလေးဟာက ဒီခန္ဓာကိုယ်ကြီးက နေလို့ ထိုင်လို့ မကောင်းတော့ဘူးဆိုရင်၊ ဒီဝိညာဏ်ဆိုတဲ့ အသက်ကလေးဟာက တစ်ပါးသော နတ်ပြည် ပြောင်းလိုက်၊ ဗြဟ္မာ့ပြည်ပြောင်းလိုက်၊ တိရစ္ဆာန်

ဘုံပြောင်းလိုက် ဒကာကြွယ် အမျိုးမျိုးပြောင်းတယ်လို့ သူယူထားတယ် . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ အားလုံး ဒကာဒကာမတွေက ဆုံးဖြတ်ချက် ချတာပေါ့၊ ဝိညာဏ်အပေါ်မှာ သူ ဘာဒိဋ္ဌိယူထားသလဲ . . . (သဿတဒိဋ္ဌိယူထားပါတယ်ဘုရား)။

ဘုရားက ဝိညာဏ် အနိစ္စံလို့ဟောတယ် . . . (မှန်ပါ့) စက္ခုဝိညာဏံအနိစ္စံ၊ သောတဝိညာဏံ အနိစ္စံ (လ) မနော ဝိညာဏံ အနိစ္စံလို့ ဘုရားက အနိစ္စတရားတွေလို့ ဟောတယ် . . . (မှန်ပါ့ဘုရား)။

## သူ့ကို နိစ္စယူတော့ သဿတဒိဋ္ဌိဖြစ်သွားတယ်

သူက အနိစ္စမဟုတ်ဘူး၊ နိစ္စလို့ ယူပစ်လိုက်တဲ့အတွက် သဿတဒိဋ္ဌိဖြစ်သွားတယ် . . . (မှန်ပါ့ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အားလုံး ဒကာဒကာမတွေ ကျုပ်တို့ဖြင့် ဒီအယူ ဖျောက်ကြမှပဲ . . . (မှန်ပါ့ဘုရား)။

ဒီအယူ ဘာလုပ်ကြရမယ် . . . (ဖျောက်ရပါမယ် ဘုရား) ဖျောက်ရမယ်ဆိုတာ သဘောပါပလား . . . (ပါပါပြီ ဘုရား)။

## ဒီအယူရှိရင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်မရနိုင်ဘူး

ဒီအယူ မဖျောက်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့သည် သဿတဒိဋ္ဌိခံနေတဲ့အတွက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို မရနိုင်ဘူး. . . (မှန်ပါ့ဘုရား)။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို . . . (မရနိုင်ပါဘုရား) မရနိုင်ဘူးဆိုတာ သေသေချာချာ ဆုံးဖြတ်ချက်ချတော့မှ၊ ဩော် ဒီအရေးဟာ ဆရာဘုန်းကြီးပြောမည့် အရေးသည်၊ ဒို့ဝိညာဏ် နားလည်အောင် လုပ်ထားဖို့အရေးဟာလည်း ဒို့ဒိဋ္ဌိခွာတဲ့အရေး ပါလား . . . (မှန်ပါ့ဘုရား) ဆိုတော့ ဝိညာဏ်ကို ယနေ့ရှင်းပြမယ် (မှန်ပါ့ဘုရား)။

## ဝိညာဏ်ခြောက်မျိုးရှိတယ်

ဝိညာဏ် ရှင်းပြတော့မယ်ဆိုတော့ ဝိညာဏ်သည် ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ခြောက်မျိုးရှိတယ်. . . (မှန်ပါ့) မျက်လုံးထဲမှာ အဆင်းတွေမြင်တာလည်း ဝိညာဏ်ပဲ . . . (မှန်ပါ့) နားထဲမှာ ကြားတာလည်း . . . (ဝိညာဏ်ပါဘုရား) နှာခေါင်ထဲမှာ ရှူတာ၊ ရှိုက်တာလည်း . . . (ဝိညာဏ်ပါဘုရား)။

လျှာပေါ်မှာစားတာရော - (ဝိညာဏ်ပါဘုရား) ကိုယ်ပေါ်မှာ ယားတာရော . . . (ဝိညာဏ်ပါဘုရား) ကာယ ဝိညာဏ်ပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

ဝမ်းထဲမှာ ခင်ဗျား ကြံတွေးဆနေတဲ့ စိတ်ကလေးတွေဟာ ရော . . . (ဝိညာဏ်ပါဘုရား) မနောဝိညာဏ် . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဝိညာဏ် ဘယ်နှစ်မျိုးရှိပါလိမ့် . . . (ခြောက်မျိုးရှိပါတယ်ဘုရား)။

အဲဒီ ဝိညာဏ်တွေကို ဘုန်းကြီးတို့ ဒကာဒကာမတွေက ဩော်. . . ဝိညာဏ်တော့ ခြောက်မျိုးရှိပြီ၊ ဘယ်လိုဖြစ်၍ ဘယ်လိုပျက်ပါလိမ့်မလဲဆိုတာလည်း သိဖို့အရေးလိုသေးတယ် (မှန်ပါ့ဘုရား)။

## ဝိညာဏ်ဟာ မရွှေ့ဘူး ဖြစ်တဲ့နေရာမှာပျက်တယ်

သိဖို့အရေးလိုသေးတော့ ဒီဝိညာဏ်ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဩော် . . . ဝိညာဏ်ဟာ မရွှေ့ဘူးဆိုတာကို သိဖို့အရေးကြီးတယ်. . . (မှန်ပါ့ဘုရား)။

ဝိညာဏ်မရွှေ့ဘူးဆိုတာ သိလိုက်တော့ ဩော်. . . ဝိညာဏ်ဟာ သူဖြစ်နေတဲ့နေရာမှာ သူပျက်တယ်၊ တခြားမရွှေ့နိုင်ဘူးဆိုသဖြင့် သဿတဒိဋ္ဌိလွတ်သွားတယ်. . (မှန်ပါ့ဘုရား)။

ခိုင်မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိက (လွတ်သွားပါမယ်ဘုရား)လွတ်သွားမယ်ဆိုတော့ အင်မတန် အဖိုးတန်တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပိတ်ဆီးနေတဲ့ ဒိဋ္ဌိအမိုက်အမဲကြီးကို၊ ငါတို့

ယနေ့ ဆုံရှင်းလိုက်ရလို့ရှိရင်ဖြင့်၊ သူ့ရှင်းပြီးမှ ဝိပဿနာရှုရင်ဖြင့် ဒိဋ္ဌိ အကာအကွယ်တွေပွင့်သွားပြီး၊ နိဗ္ဗာန်တည်းဟူသော ချမ်းသာရာ အေးချမ်းရာ မသေရာကို ငါတို့မြင်ရတော့မယ်လို့ ဆိုပြီး စိတ်ထဲ ဝမ်းမြောက်ကြ . . . (မှန်ပါ့ဘုရား)။

မအို-မသေအမြဲနေတဲ့ နိဗ္ဗာန်ကြီးကို ဒိဋ္ဌိတည်းဟူသော အမိုက်အမဲမှောင်ကြီးက ဒကာသစ် ဖုံးအုပ်နေတယ် - (မှန်လှ ပါဘုရား)။

အဲဒါ ဉာဏ်မျက်စိက မထိုးဖောက်နိုင်ဘူးဆိုတဲ့ဥစ္စာ မှတ်ရမယ် . . . (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဘယ်မှာပဲ အားထုတ် အားထုတ် တရားအားထုတ်ကြလို့၊ ကိုယ့်အရေး ကိုယ့်ကို ကယ်တင်တဲ့ အလုပ်ကို ကိုယ့်ဝိပဿနာအလုပ် ကိုယ်လုပ်ကြတော့မယ်ဆိုလို့ ရှိရင်ဖြင့် ခင်ဗျားတို့ ဆရာသမား မှီဝဲလွဲမှာ အင်မတန် စိုးရိမ်ရ တယ်. . . (စိုးရိမ်ရပါတယ်ဘုရား)။

## ဆရာလွဲမှာစိုးရိမ်တယ်

ဆရာသမားမှီဝဲလွဲမှာကို အင်မတန်စိုးရိမ်ရတယ်လို့ ဘယ့်နှယ်ကြောင့် ထုတ်ဖော်ပြောရပါလိမ့်မလဲလို့ ဦးဗထွေးတို့ မေးလိမ့်မယ်နော် . . . (မှန်ပါ့ဘုရား)။

ဦးသန်းမောင်တို့က မေးတဲ့အခါကျတော့ ဒိဋ္ဌိမခွာဘဲနဲ့ မင့်ခန္ဓာထဲကွာ ဝေဒနာကလေးတွေ ရှိသားပဲ၊ ဝေဒနာရှုကွ၊ စိတ်ကလေးတွေရှိသားနဲ့ စိတ်တွေရှုကွ၊ ရုပ်တွေရှုကွ၊ ဦးမာဒင် ဒီလိုခိုင်းရုံနဲ့၊ ဒီလိုဉာတပရိညာ သိမှုနဲ့ ဆရာက ရှင်းမပေးဘဲနဲ့ ရှုခဲ့သော် . . . တဲ့၊ ဘယ်လောက်ပင်ရှုရှု ကုသိုလ်သာရ၍ နိဗ္ဗာန် မရဘူး . . . (မှန်ပါ့ဘုရား)။

## ကုသိုလ်တော့ရပါတယ်၊ နိဗ္ဗာန်မရပါ

ကုသိုလ်တော့ (ရပါတယ်ဘုရား) နိဗ္ဗာန်ကျတော့. . (မရပါဘုရား) ဪ . . . ဒါဖြင့် ဒီအရေးသည် ဒကာဒကာမ တို့ ဝိပဿနာမလုပ်မီ ရှင်းလင်းရမည့် (၁) နံပါတ်အရေးပါ ကလား ဆိုတာ ဒကာကြွယ် ပေါ်လာတယ်. . . (ပေါ်လာ ပါတယ်ဘုရား)။

ဒါအလုပ်စဉ်မှာဖြင့် အားလုံးသော ဒကာ ဒကာမတွေ မှတ်စမ်းပါ၊ သူ့ရှင်းပြီးမှ အားထုတ်ရမယ်. . . (မှန်ပါ့ဘုရား) သူ့မရှင်းဘဲနဲ့အားထုတ်လို့ရှိရင် သူက တစ်ခါတည်း နိဗ္ဗာန်မဂ်ဖိုလ် လာတားတာပဲ - (တားပါတယ်ဘုရား) သဘောပါကြပလား . . . (ပါပါပြီ)။

ဒါဒီဒိဋ္ဌိလောက် ကျုပ်တို့ခင်ဗျားတို့မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကန့်ကွက်တာဖြင့် မရှိတော့ဘူးလို့ ဆုံးဖြတ်ချက် ချပါ (မှန်ပါ့ဘုရား)။

## ဒိဋ္ဌိခွာမှုအရင်လုပ်မှအလုပ်စဉ်တည့်တယ်

ကဲ. . . ဒါဖြင့် တရားအားထုတ်တော့မယ်ဆို ဒကာ ဒကာမတို့ အရင်ပဲ ရှုမှုရှိက်မှုလုပ်မလား၊ ဒိဋ္ဌိခွာမှုကို အရင်လုပ်မလားလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ (ဒိဋ္ဌိခွာမှု အရင်လုပ်ရမှာပါဘုရား)။

ဒို့ပြင်ဟာနောက်မှလုပ်ပါ . . . (မှန်ပါ့) အလုပ်စဉ်မတည့်လို့ပြောရပါတယ်. . . (မှန်ပါ့) အလုပ်စဉ်မတည့်လို့ပြော ရပါတယ်လို့ ဦးလှဘူး သေသေချာချာမှတ်ပါ. . . (မှန်ပါ့)။

ဒါဖြင့် ဒိဋ္ဌိကိုအရင်ခွာမှုသည် ဒကာ ဒကာမတို့ (၁) နံပါတ် အရေးကြီးတဲ့အတွက် ဒိဋ္ဌိက ဘယ်အပေါ်မှာ စွဲနေသတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာပေါ်မှာစွဲတယ်. . . (မှန်ပါ့)။

ဒီနေ့ဟောရမည့်တရားက ခန္ဓာငါးပါးအပေါ်မှာ သာတိဆိုတဲ့ တံငါသည်ရဲ့သား သာတိက မစွဲပါဘူး. . (မှန်ပါ့) ဝိညာဏ်အပေါ်မှာ သွားစွဲနေတယ် . . . (မှန်ပါ့)။

ဝိညာဏ်အပေါ်မှာစွဲနေတော့ ဒကာ ဒကာမတို့ ဝိညာဏ်မပြောင်းတာကို ကျုပ်တို့က သိဖို့အရေးကြီးတယ်. . . (မှန်ပါ့) သူကယူထားတာက ဦးမာဒင်ဝိညာဏ်ပြောင်းတယ်တဲ့ (မှန်ပါ့) ဒီဝမ်းခေါင်းမကောင်းလို့ ဟိုဝမ်းခေါင်းပြောင်းတယ် (မှန်ပါ့) ဘာဒိဋ္ဌိတုံး . . . (သဿတဒိဋ္ဌိပါဘုရား)။

## ဝိညာဏ်ဆိုတာစိတ်

သသသတဒိဋ္ဌိဆိုတော့ ကဲ. . . ဒါဖြင့် ဝိညာဏ်ဆိုတာလည်း ထူးထူးလည်လည် ဒကာဒကာမတွေက တခြားမှတ်မနေပါနဲ့ ခင်ဗျားတို့ စိတ်လို့မှတ်လိုက် . . . (မှန်ပါ့)။

ဝိညာဏ်မသိမှာစိုးတော့ ဘယ့်နှယ်မှတ်ကြမယ်. . . (စိတ်ပါဘုရား) စိတ်ဝိညာဏ်လို့မှတ်လိုက်ပါ. . . (မှန်ပါ့) ဘယ်လိုမှတ်ကြမယ်. . . (စိတ်ဝိညာဏ်ပါဘုရား)။

နေရာကျပြီ၊ နေရာကျပြီ၊ ဩော်. . . ဒီစိတ်ကလေးကို ဝိညာဏ်ထားတာကိုး၊ စာလိုသုံးတော့ ဝိညာဏ်. . . (မှန်ပါ့) မြန်မာလိုသုံးတော့ စိတ်ကလေးပါလားဆိုတာ မှတ်ထားတော့ ဦးသန်းမောင်တို့. . . (ရှင်းသွားပါပြီဘုရား)။

ဒါဖြင့် စိတ်ဘယ်နှစ်မျိုးရှိသတုံးလို့မေးလို့ရှိရင်ဖြင့် မြင်စိတ်ဘုရား. . . (မှန်ပါ့) ဒါလည်း မြင်စိတ်ဟာ ဝိညာဏ်ပဲ . . . (မှန်ပါ့)၊ ကြားစိတ် . . . (ဝိညာဏ်ပါ) နံစိတ်. . . (ဝိညာဏ်ပါ) ကောင်းတဲ့စိတ်တွေလည်း ဝိညာဏ်တွေပဲ (မှန်ပါ့) ကြံစိတ်၊ စည်စိတ်၊ တွေးစိတ် . . . (ဝိညာဏ်ပါ) ဩော် . . . ဒါကြောင့် ဝိညာဏဓာတ်ခြောက်ပါး. . . (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဝိညာဏဓာတ်. . . (ခြောက်ပါးပါ) အေး. . . ဝိညာဏဓာတ် ခြောက်ပါးကို ဟောရတော့မယ်ဆိုတာ မှတ်ကြပေတော့ (မှန်ပါ့ဘုရား)။

## မျက်လုံးဝိညာဏ်

ကိုင်း. . . ဒါဖြင့် မျက်လုံးဝိညာဏ်ပြောကြပါစို့. . . (မှန်ပါ့) မျက်လုံးဝိညာဏ်ဆိုတော့ ဒကာ ဒကာမတို့ မျက်လုံး စိတ်ကလေးဟာ မျက်ခွံကလေးအုပ်ပြီး သကာလ ထားလိုက်တဲ့ အခါကျတော့ ဒကာသစ် ဘာမြင်တယ်လို့ရှိသေးသလဲ (မရှိပါ ဘုရား) မျက်ခွံကလေးဖွင့်လိုက်တော့ . . . (မြင်ပါတယ်) မျက်ခွံ ဖွင့်တော့ သူ့ရှေ့မှာ တစ်ခုခုရှိလိမ့်မယ် . . . (မှန်ပါ့) မရှိပေဘူးလား . . . (ရှိပါတယ်) သူ့ရှေ့က အိုး၊ ခွက်၊ တိုက်တာ၊ ကား တစ်ခုခုရှိပါတယ်. . . (မှန်ပါ့)။

အဲဒါနဲ့ ဖွင့်လိုက်တဲ့အခါကျတော့ ဟိုမှာ ကားရှိရင်လည်း ကားနဲ့သွားတည့်မယ်. . . (မှန်ပါ့) မျက်လုံးရုပ်နဲ့ ကားနဲ့ သွား တည့်မယ်. . . (မှန်ပါ့) သွားတည့်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ မြင်စိတ်ကလေးပေါ်တယ်. . . (မှန်ပါ့)။

ဒါက မြင်စိတ်ကလေး (မှန်ပါ့) ဒါက ဒကာ ဒကာမတွေ မျက်ခွံကိုဖွင့်လိုက်တဲ့ မျက်လုံး. . . (မှန်ပါ့) မျက်လုံးကနေပြီး ဟိုဘက်ကားရှိတာနဲ့ ကားဘက်ကို တည့်လိုက်တယ်. . (မှန်ပါ့) ဒီမျက်လုံးကလေးဖွင့်ပြီး ကားဘက် တည့်လိုက်တယ် (မှန်ပါ့) တည့်လိုက်တော့ မြင်တယ်ဆိုတဲ့စိတ်ကလေးဟာပေါ်လာတယ် (ပေါ်လာပါတယ်) သဘောကျပလား. . . (ကျပါပြီ) မြင်တယ် ဆိုတဲ့စိတ်ကလေးဟာ (ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒါ မြင်စိတ်ကလေးပေါ်ပုံကို ပြောပါတယ် ဒကာ ဒကာမတို့ (မှန်ပါ့) ဦးမာဒင်တို့ ရိပ်မိပြီ (ရိပ်မိပါပြီဘုရား)။

## မြင်စိတ်

အားလုံး ဒကာ ဒကာမတွေ မြင်စိတ်ကလေးဟာ မျက်လုံးလည်း ဖွင့်လိုက်ပါရော ဟိုဘက်က ကားကလည်းရှိနေတော့ မျက်လုံးနဲ့ကားနဲ့ တည့်တဲ့အခါကျလို့ရှိရင် မြင်စိတ်ကလေးဆိုတဲ့ ဝိညာဏ်ဟာ မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်) အဲဒါ စက္ခုဝိညာဏ်လို့ စာလိုသုံးပါတယ်. . . (မှန်ပါ့)။

ဒကာ ဒကာမတွေ သုံးတဲ့အခါကျလို့ရှိရင်ဖြင့် မြင်စိတ်လို့ပဲ သုံးပါတော့ . . . (မှန်ပါ့ဘုရား) ရှင်းပြီးနော်. . . (ရှင်းပါပြီဘုရား)၊ ကောင်းပြီ ဒီမြင်စိတ်ကလေးကို ဒကာ ဒကာမတို့ဘယ်သူလုပ်လိုက်လို့ပေါ်လာပါလိမ့်မတုံးလို့ မေးဖို့ မလိုဘူးလား. . . (လိုပါတယ်) နဂိုက မျက်လုံးကို မျက်ခွံကလေးအုပ်ထားတုန်းက ဘာမှမပေါ်ဘူး. . . (မှန်ပါ့) မြင်စိတ် မရှိပါဘူး (မရှိပါ) ရှိရဲ့လား . . . (မရှိပါ) မျက်ခွံကလေး အုပ်ထားတုန်းကလေ . . . (မရှိပါဘုရား)။

မရှိပါဘူးတဲ့၊ မရှိတော့ မျက်ခွံကလေးလဲ ဖွင့်လိုက်ပါရော ဟိုဘက်မှာရှိတဲ့ ကားနဲ့၊ သားနဲ့၊ သမီးနဲ့ လာပြီး တည့်တယ်

(တည့်ပါတယ်) တည့်တဲ့အခါကျတော့မှ နောက်မှ ပေါ်တယ်လို့ မြင်စိတ်ကလေး မှတ်လိုက်ပါ . . . (မှန်ပ့ါ)။

## မြင်စိတ်ပေါ်တာနောက်ကျတယ်

ဒါဖြင့် ဒကာ ဒကာမတို့ မျက်လုံးရှိတာက ရှေးကျတယ် (မှန်ပ့ါ) ဟိုက ကားရှိတာကလည်း ရှေးကျတယ်. . . (မှန်ပ့ါ) မြင်စိတ်ပေါ်လာတာက နောက်ကျတယ်. . . (မှန်ပ့ါ) ဆိုတော့ ဒါက ဒကာဒကာမတို့ မျက်လုံးရှိတာက ရှေးကျတယ်. . . (မှန်ပ့ါ) ကားရှိတာက (ရှေးကျပါတယ်) မြင်စိတ်ပေါ်တာက (နောက်ကျပါတယ်ဘုရား)။

နောက်ကျတယ်၊ မျက်လုံးရုပ်ထဲမှာ ပေါ်လာတယ် (မှန်ပ့ါ) မျက်လုံးရုပ်ထဲမှာ ပေါ်လာတယ်ဆိုတော့ ဒါခန္ဓာပေါ်မှာ ဒီအတိုင်းလို့မှတ်လိုက်ပါ. . . (မှန်ပ့ါ) မျက်လုံးခန္ဓာထဲမှာ ဒီ အတိုင်းပဲလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပ့ါ)။

အဲဒီတော့ ဒကာ ဒကာမတို့ ည-ညကျတော့ ရွတ်ကြ တယ် ပုရေဇာတပစ္စယော . . . တဲ့ (မှန်ပ့ါ) ဦးမာဒင်တို့ တစ်ခါ တစ်ခါ ရွတ်ပါလိမ့်မယ် (ရွတ်ပါတယ်) ဒကာကြွယ်ရော မရွတ် ဘူးလား (ရွတ်ပါတယ်ဘုရား)။

ရွတ်ပြစမ်းပါဦး ဘာတဲ့တုံး (ပုရေဇာတ ပစ္စယောပါ) ပုရေဇာတပစ္စယောဆိုပြီးသကာလ ရှေးကျကျလူတွေ အကုန်ပဲ

ရွတ်ကြတယ်. . . (မှန်ပါ့) ညများရွက်ကြပေါ့၊ အန္တရာယ်ကင်း တယ်ဟ၊ သူခိုး ဓားပြ ကာကွယ်တယ်ကွ . . . (မှန်ပါ့) 'ပုရေဇာတ ပစ္စယော' ရွတ်ကြတယ်. . . (မှန်ပါ့ဘုရား)။

ဟေတုပစ္စယောကစပြီး ရွတ်လိုက်တာ နှစ်ဆယ့်လေး ပစ္စည်းစည်းချအိပ်၊ သူခိုး ဓားပြမဝင်နိုင်ဘူးကွ. . . (မှန်ပါ့)။

## ဘုရားတွေစည်းရိုးတိုင်စိုက်တယ်

ဒကာကြွယ်တို့ ဘုရားစည်းချတာ ယုံရဲ့လား. . . (ယုံ ပါတယ်ဘုရား) နိုင်ငံခြားသားတွေက အိန္ဒိယမှာကျတော့ ဘုရား တွေ စည်းရိုးတိုင်တွေစိုက်တဲ့အခါကျတော့ ခင်ဗျားတို့က အို. . . မိုက်လိုက်တာ (မှန်ပါ့) ပြောကြလိမ့်မယ် ဦးသန်းမောင်တို့ အိန္ဒိယ ရောက်တော့ . . . (မှန်ပါ့).

ဘုရားရုပ်တွေ ဟိုထောင့်စိုက်၊ ဒီထောင့်စိုက် စည်းတိုင် တွေစိုက်တဲ့အခါကျတော့ ဦးမာဒင်တို့က တယ်မိုက်တဲ့လူတွေကိုး (မှန်ပါ့) ဘာမှမသိရှာဘူး မိစ္ဆာဒိဋ္ဌိတွေ. . . (မှန်ပါ့) ကိုယ်စည်း ချတာတော့ မရိပ်မိဘူး. . . (မရိပ်မိပါဘုရား)။

အရှင်ဘုရား. . ဟေတုပစ္စယောဆိုတဲ့ ဓမ္မက ဟိုထောင့် က စောင့်၊ တနင်္ဂနွေထောင့် စောင့်ပါ. . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## တရားကိုစည်းချတယ်

အာရမ္မဏပစ္စယောဆိုတဲ့ဓမ္မက တနင်္လာထောင့်က စောင့်ပါ (မှန်ပါ့) ခင်ဗျားတို့ ဘာလုပ်ကြတာတုံး. . . (စည်းချတာပါဘုရား) တရားကိုစည်းချတယ်. . . (မှန်လှပါဘုရား)။

ဟိုက မသိတဲ့လူတွေက ဘာစည်းချသလဲ . . . (ဘုရားစည်းချပါတယ်) ခင်ဗျားတို့ကတော့ . . . (တရားစည်းချပါတယ်) ကဲ. . . ဒကာကြွယ် ဒါလောက်ဆိုးနေတာ (ဆိုးပါတယ်) ဘယ်ကများ လုပ်ထားတယ်လို့ မပြောတတ်ပါဘူး၊ သုံးပတ်လောက်ပြည့်ရင် ဘီလူးမဝင်ဘူးပြောတာပါပဲ၊ အတော်ဆိုးနေတယ် (မှန်ပါ့)။

အဲဒီတော့ခင်ဗျားတို့ကိုယ်တိုင် စဉ်းစားကြည့် တရားဟာ ကိုးကွယ်ရာလား. . . အစောင့်ခိုင်းရမှာလား. . . (ကိုးကွယ်ရမှာပါဘုရား)။

## လောကီသမားတွေက ထွင်ထားတယ်

ဩော်. . . ကိုးကွယ်ရမှာ ခင်ဗျားတို့ကများ ဩဇာ အာဏာရှင်လုပ်ပြီး ကယ်တော်မူပါ၊ မတော်မူပါ၊ စောင့်ပေးပါ ဆိုတဲ့ အဓိပ္ပာယ်ဟာလည်း ဒီပရမတ်မျက်လုံး သေသေချာချာ တပ်ပြီးသား ပုဂ္ဂိုလ်တွေကျတော့လည်း ဒါအတော်ဆိုးတဲ့အလုပ် ပဲ ဆိုတာ ပေါ်လာတယ်. . . (မှန်ပါ့) လောကီသမားတွေက ထွင်ထားတယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်. . . (လောကီသမားတွေက ထွင်ထားတာပါဘုရား) အဲဒီတော့ ခင်ဗျားတို့က ဒီဥစ္စာကို လောကီသမားထွင်ထားတာ သူတို့ကတော့ဖြင့်တဲ့ လောကီသမားလို့ ပြောနေတယ်. . . (မှန်ပါ)။

ခင်ဗျားတို့က ဒီဥစ္စာလုံတယ်လို့ ယူလိုက်ပြန်တော့ ခင်ဗျားတို့လည်း ဘာသမားဖြစ်သွားသလဲ. . . (လောကီသမားဖြစ်သွားပါတယ်) ရောသွားပါတယ်. . . (မှန်ပါ့ဘုရား)။

ရောသွားကတည်းကိုက ကိုယ်သည်ကားလို့ဆိုရင် သူ့မှာရှိတဲ့ အညစ်အကြေးလည်း ကိုယ့်မှာလူးတယ်. . . (မှန်ပါ) မလူးသေးဘူးလား. . . (လူးပါတယ်ဘုရား)။

အဲဒီလိုဖြစ်သွားကြတယ်၊ စင်စစ်ကတော့ ယခု သေသေချာချာ ပြောပါတော့မယ် ဒကာ ဒကာမတို့ နားထောင်ကြပါနော် . . . (မှန်ပါ့ဘုရား)။

ပုရေဆိုတာ ရှေး. . . (မှန်ပါ) ပစ္ဆာဆိုတာနောက်. . . (မှန်ပါ့ဘုရား) ပုရေဆိုတာက . . . (ရှေ့ပါ) ပစ္ဆာဆိုတာက . . . (နောက်ပါဘုရား)။

အဲဒီတော့ ဘုရားက ပုရေဇာတပစ္စယောကွာတဲ့ (မှန်ပါ) ဒီကားရှိနှင့်တာကလည်းတဲ့ မြင်တဲ့မျက်လုံးထက် ရှေးကျတယ် (ကျပါတယ်ဘုရား)။

ဒီမျက်လုံးရုပ်မျက်စိထဲမှာ ရှိနေတာကလည်း ဒီမြင်တဲ့ စိတ်ဖြစ်ပေါ်မည့် တရားထက် ရှေးကျတယ်. . . (မှန်ပါ့ဘုရား)။

ဒါရော. . . (ရှေးကျပါတယ်) ရှေးဆိုတာ အရင်ကျတယ် . . . (မှန်ပါ့) ဒီဘက်ကရော. . . (အရင်ကျပါတယ်) မျက်လုံးရုပ်ကလည်း အရင်ကျတယ် (မှန်ပါ့) ဒီကားရှိနှင့်တာကရော. . . (အရင်ကျပါတယ်ဘုရား)။

အဲဒါက ပုရေဇာတ . . . (မှန်ပါ့) သဘောကျပလား (ကျသွားပါပြီဘုရား) ပုရေ က-ရှေး၊ ဇာတ က-ဖြစ်ပါတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ပုရေဇာတပစ္စယော

အင်း ပုရေဇာတ ဒီရှေးနှစ်ခုပေါင်းပြီးသကာလ နောက်တစ်ခုကို ဖြစ်စေတယ်. . . (မှန်ပါ့) ရှေးနှစ်ခုပေါင်းပြီး (နောက်တစ်ခုကိုဖြစ်စေပါတယ်ဘုရား) ဒါဖြင့် ပုရေဇာတ ပစ္စယော၊ သဘောကျပလား. . . (ကျပါပြီ)။

ဦးမာဒင်တို့ ပဋ္ဌာန်းပါထည့်ဟောရမယ်၊ မဟောရင် ဖြစ်ကိုမဖြစ်ဘူး. . . (မှန်ပါ့) မဟောရင် ဒကာကြွယ် ဖြစ်ကို မဖြစ်တော့ဘူး. . . (မဖြစ်ပါဘုရား)။

ကဲ. . . ဒါဖြင့် ပုရေဇာတက ဒီနှစ်ခု . . . (မှန်ပါ့) ပုရေ ဇာတ နှစ်ခုကနေပြီး ကျေးဇူးပြုလိုက်လို့. . . တဲ့ဟောဒီမှာ မြင်စိတ်ကလေး ပေါ်ပါတယ် . . . (ပေါ်ပါတယ်ဘုရား)။

ရှေးကျတဲ့နှစ်ခုက ကျေးဇူးပြုလိုက်တာနဲ့ . . . (မြင်စိတ် ပေါ်ပါတယ်ဘုရား) ဒါဖြင့် မြင်စိတ်ကလေးက နောက်ကျတယ် (နောက်ကျပါတယ်ဘုရား) မြင်စိတ်ကလေးက - (နောက်ကျပါ တယ်ဘုရား) ဒါဖြင့် ပုရေဇာတပစ္စယော (မှန်ပါ့) သဘောပါ ပလား . . . (ပါပါပြီဘုရား)။

ဩော်. . . ခန္ဓာကိုယ်ထဲမှာ နောက်မှပေါ်တာကလေး သိပါစေတော့လို့ ဘုရားက ပုရေဇာတပစ္စယောလို့ ဟောလိုက် တယ် . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

နောက်မှ ပေါ်တာသိအောင်လို့ (ပုရေဇာတ ပစ္စယော လို့ ဟောပါတယ်ဘုရား) ဩော်. . . ဒို့ရှတ်သာနေတယ် ဘာမှ မသိဘူးဟော့ . . . (မှန်ပါ့)။

ရှတ်သာနေတယ် ဘာမှမသိဘူး . . . (မှန်ပါ့) ဘာမှ မသိဘူးဆိုတော့ အခုတော့ဖြင့် ရှိတဲ့မျက်လုံးရုပ်၊ ဟိုက ကြည့်စရာ အာရုံ၊ တည့်မည့်အာရုံတစ်ခုခုပေါ့ဗျာ- (မှန်ပါ့) ကားဖြင့်ကား လူဖြင့် လူပေါ့ဗျာ၊ တစ်ယောက်ဖြင့် တစ်ယောက် (မှန်ပါ့)။

သူတို့က အရင်ကျနှင့်တယ်တဲ့၊ မြင်စိတ်က နောက်မှ မြင်တယ် (မှန်ပါ့) ဒါဖြင့် ပုရေဇာတပဲ . . . (မှန်ပါ့ဘုရား) အဲ ပုရေဇာတဆိုတာ ဒီနှစ်ခုဆိုပါတယ်. . . (မှန်ပါ့)။

## ကျေးဇူးပြုလို့ပေါ်လာတဲ့မြင်စိတ်

ပစ္စယောဆိုတာက သူတို့က ကျေးဇူးပြုလိုက်လို့ ပေါ်လာပါတယ်တဲ့ မြင်စိတ်ကလေး . . . (မှန်ပါ့) နဂိုက မရှိပါဘူး. . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ)။

နဂိုက (မရှိပါဘုရား) ဩော်. . . နဂိုက မရှိကတည်းက သူ ညည့်သည်ပဲ. . . (မှန်ပါ့ဘုရား) ညည့်သည်နေ-နေပြီးသကာလ ညည့်သည်သွား၊ သွားလိမ့်မယ်လို့ ဒကာ ဒကာမတွေက မှတ်လိုက်တာပေါ့ . . (မှန်ပါ့)။

ညည့်သည်နေ-နေပြီးတော့ . . . (ညည့်သည်သွား-သွားပါလိမ့်မယ်ဘုရား) ဒါဖြင့် ဒီနှစ်ခုကြောင့် ပေါ်တဲ့တရားဆိုတော့ ဒီနှစ်ခုက အကြောင်းပေါ့ဗျာ . . . (မှန်ပါ့) ပေါ်တဲ့တရားက. . . (အကျိုးပါဘုရား) ဒီအကျိုးတရားပဲနော်. . . (မှန်ပါ့)။

နဂိုက ရှိနှင့်တာလား၊ ဒကာ ဒကာမတို့ သူတို့နှစ်ခုက ပြုပြင်လိုက်လို့ ပေါ်လာတာလား. . . (သူတို့နှစ်ခုက ပြုပြင်လိုက်လို့ ပေါ်လာတာပါဘုရား)။

ပုရေဇာတနှစ်ခုက ပြုပြင်လိုက်တာနဲ့ ပေါ်လာတဲ့ တရားမျိုးဆိုတော့ ဩော်. . . ဒါကလေးဟာ ဒကာ ဒကာမတွေ စောစောစီးစီးပဲ မှတ်လိုက်ပါတော့ သူများပြုထားတယ်. . . (မှန်ပါ့) သူများကြည့်လို့ပေါ်တဲ့တရား. . . (မှန်ပါ့)။

## သူတို့နှစ်ခုကရုပ်

သူတစ်ပါးကြည့်လို့ . . . (ပေါ်တဲ့တရားပါဘုရား) ကြည့်လေ ဒီက မျက်လုံးရုပ် . . . တဲ့ . . . (မှန်ပါ့ဘုရား) ဒကာ ဒကာမတို့ ဒီက ရှေ့ပိုင်းက မြင်စရာ၊ ကြည့်စရာတွေ (မှန်ပါ့) သူတို့နှစ်ခုပေါင်းပြီးသကာလ ပြုလုပ်လိုက်လို့ မြင်စိတ်ကလေး ပေါ်တယ် . . . (မှန်ပါ့)။

ဒါဖြင့် သူတို့နှစ်ခုက ရုပ် . . . (မှန်ပါ့-ရုပ်ပါဘုရား) သူတစ်ခုက နာမ် . . . (မှန်ပါ့) ရှင်းသွားပြီ . . . (ရှင်းသွားပါပြီ ဘုရား)။

## ရုပ်နှစ်ခုကြောင့် ပေါ်လာတဲ့ မြင်စိတ်

နှစ်ခုကရုပ်. . . (မှန်ပါ့) မြင်စိတ်ကလေးက-(နာမ်ပါ ဘုရား) ကဲ. . . ဒီနာမ်ကလေးဟာ ဒကာ ဒကာမတို့ နဂိုက မရှိ ပါဘူးတဲ့၊ သူတို့နှစ်ခုက ပေါင်းလို့ ပေါင်းပြီးပြုလိုက်လို့ ပေါ်ပြီး သကာလလာတဲ့ အကျိုးတရားကလေးပါတဲ့. . . (မှန်ပါ့)။

ကဲ. . . ဒကာဒကာမတို့ ဒါကလေးဟာ နဂိုက ရှိသလား . . . (မရှိပါဘုရား) ယခုပေါင်းပြီး လုပ်လိုက်တဲ့အတွက် . . . (ပေါ်လာပါတယ်ဘုရား) ပေါ်လာတယ်ဆိုတာ သဘော ကျပလား. . . (ကျပါပြီ) ဒါဖြင့် ဒါဟာ မြင်တတ်တဲ့ ဝိညာဏ်

ကလေး၊ စက္ခုဝိညာဏ်ကလေး . . . (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ဒါကလေးဟာ ဒီကဖယ်လိုက်၊ ကားကလေးဟာ မောင်းသွားရော၊ မြင်သေးရဲ့လား . . . (မမြင်ပါဘုရား) ဒါဖြင့် သူချုပ်ပြီ (မှန်ပါ့) သူချုပ်သွားပြီ. . . (မှန်ပါ့၊ ချုပ်သွားပါပြီ) ဒီဝိညာဏ်ကလေး ဘာဖြစ်သွားသတုံး. . . (ချုပ်သွားပါတယ် ဘုရား)။

တည့်နေတုန်းကတော့ ဒီဝိညာဏ်ကလေးဘာတဲ့. . . (ပေါ်နေပါတယ်ဘုရား) ကားက မောင်းသွားတယ်. . . (မှန်လှပါ) မမြင်တော့ဘူး. . . (မှန်ပါ့)။

## မြင်စိတ်ဖြစ်တယ်၊ ချုပ်တယ်

ဒါဖြင့် ဒီတရားကလေးဟာ ဒကာ ဒကာမတို့ သိတဲ့ အတိုင်းဖြစ်လည်းဖြစ်တယ်. . . (မှန်ပါ့) ချုပ်လည်း. . . (ချုပ်ပါ တယ်ဘုရား) ပေါ်ပြီ . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သာတိရဟန်းက ဒီဝိညာဏ်ဟာ ဘယ်တော့မှ မသေဘူးယူတာ . . . (မှန်ပါ့) ခင်ဗျားတို့ကရော ဒီလို ယူဦးမလား (မယူပါဘုရား)။

အကြောင်းနှစ်ခု တိုက်ဆိုင်ရင်ပေါ်တယ် (မှန်ပါ့) အကြောင်းတစ်ခုချို့ရင် . . . (ချုပ်သွားပါတယ်ဘုရား) ဒါဖြင့် သူဖြစ်ပျက် (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ်. . . (ဖြစ်ပျက်ပါဘုရား) ဖြစ်ပြီး ပျက်တဲ့ ခမ္မပဲလို့ လူကြီးတွေရော လူငယ်တွေရော အားလုံး ဒကာ ဒကာမတွေ မှတ်လိုက်တော့ ဝိညာဏ်ဟာ ရွေ့သေး သလား . . . (မရွေ့ပါဘုရား) ဟောဒီ မျက်လုံးကလေး အပေါ်မှာပဲပေါ်တယ် (မှန်ပါ့) ဒကာကြွယ် မျက်လုံးကလေး အပေါ်မှာပဲပျက်စီးသွားတယ်. . . (မှန်ပါ့ဘုရား) မပျက်စီး ဘူးလား (ပျက်စီးပါတယ် ဘုရား)။

ဒါဖြင့် 'စက္ခုဝိညာဏံအနိစ္စံ'လို့ ဘုရားက ဟောလိုက် တယ်. . . (မှန်ပါ့) စက္ခုဝိညာဏံ = မြင်တတ်တဲ့ တရားကလေး သည်။ အနိစ္စံ = အနိစ္စပဲလို့ ဘုရားက ဟောလိုက်တာ ဒကာ သစ်က ယုံပလား . . . (ယုံပါပြီဘုရား)။

## အကြောင်းတိုက်ဆိုင်လို့ပေါ်တယ်

အကြောင်းတိုက်ဆိုင်တော့ပေါ်တယ် . . . (မှန်ပါ့ ဘုရား) ချုပ်တယ်ဆိုတော့ ဩော်. . . ပေါ်လည်းပေါ်တယ်၊ ပျက်လည်းပျက်တယ် (မှန်ပါ့) ရွေ့နိုင်သေးရဲ့လား. . . (မရွေ့ နိုင်ပါဘုရား) သဘောကျကြပလား. . . (ကျပါပြီဘုရား)။

ဒါ့ကြောင့် တရားကို တကယ်တမ်းဟောတော့မယ်၊ တကယ်တမ်း ဒိဋ္ဌိခွာနည်း နိဿရည်းနဲ့ တကယ်တမ်း ဒကာ ဒကာမတွေ ဉာဏ်ထဲမှာ ရှင်းအောင် ဟောတော့မယ်ဆိုတော့

ပဋိစ္စသမုပ္ပါဒ်မပါလဲမရဘူး . . . (မှန်ပါ့) ပဋ္ဌာန်းမပါလည်း မရဘူး. . . (မရပါ) သစ္စာလေးပါး မပါရင်လည်း. . . (မရပါဘုရား)။

နို့မဟုတ် ဆိုလို့ရှိရင်ဖြင့် ပဋ္ဌာန်းမပါလို့ရှိရင်ဖြင့် အကြောင်းအပေါ်၌ မရှင်းပြန်ဘူး . . . (မှန်ပါ့) မရှင်းပြန် တော့လည်း မရှင်းတာ ဝိစိကိစ္ဆာရှိတယ်. . . (မှန်ပါ့) ဝိစိကိစ္ဆာဆိုတာလည်း မဂ်တားလိုက်တာပဲ . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ ဘုရား)။

မရှင်းတော့ ဘာတဲ့ . . . (ဝိစိကိစ္ဆာရှိပါတယ်) ဝိစိကိစ္ဆာ ရှိတယ် . . . (မှန်ပါ့) ဘယ့်နှယ်ဖြစ်တာပါလိမ့်မတုံး ဒီမြင်စိတ်ကလေးဟာ ဆိုတော့ ဘယ့်နှယ်ဖြစ်တာပါလိမ့်မတုံး ဆိုတဲ့ ဝိစိကိစ္ဆာရှိလို့ရှိရင်လည်း ဒိဋ္ဌိရှိတော့တာပဲ . . . (မှန်ပါ့)။

ကဲ . . . မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တားတဲ့တရားဟာ မပေါ် လာသေးဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

## ပဋ္ဌာန်းနည်း

ဒါဖြင့် အခု ပုရေဇာတပစ္စယောဆိုတော့ ဒီနှစ်ခုက ရှေးကျသောကြောင့် ပုရေ. . . (မှန်ပါ့) သူက နောက်မှဖြစ်လို့ ပစ္ဆာ-(မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဒါက ပဋ္ဌာန်းနည်းနဲ့ ပြောလိုက်တာ . . . (မှန်ပါ့)။

ဒါဖြင့် မြင်စိတ်ကလေးဟာ ဒီလိုပေါ်တယ်ဆိုတာ ရိပ်မိပလား - (ရိပ်မိပါပြီ) ကြားစိတ်ကလေးရော - (ဒီလိုပေါ်ပါတယ်) ဒီလိုပဲ ပေါ်မှာပါပဲ - (မှန်ပါ့) ဝမ်းထဲက ကြံစိတ်ကလေးဟာရော (ဒီလိုပေါ်ရမှာပါပဲဘုရား)။

မြင်စိတ်က ကြားတဲ့ဘက် ပြောင်းနိုင်သေးရဲ့လား (မပြောင်းနိုင်ပါ) ဒါဖြင့် ကားကလေးရွေ့သွားရင် သူ့ ချုပ်ပြီ (မှန်ပါ့) မချုပ်သေးဘူးလား -(ချုပ်ပါတယ်ဘုရား)။

## ဒီနေရာဖြစ် ဒီနေရာပျက်

ကဲ. . . ကြားတဲ့ဘက် သွားနိုင်သေးရဲ့လား . (မသွားနိုင်ပါဘုရား) မသွားနိုင်ဘူးဆိုတော့ ဩော်-ဒီနေရာဖြစ် ဒီနေရာ ပျက်ပါကလား (မှန်ပါ့)။

ဒါ့ကြောင့် ဒကာ ဒကာမတွေ သာတိရဟန်းကို ဒါလောက် ဟောချင်လို့မဟုတ်ပါဘူး. . . (မှန်ပါ့) မြင်စိတ်ကလေး ဖြစ်ပျက်ရှုတတ်ပါစေလို့ ဟောနေတာ. . . (မှန်ပါ့)။

ကဲ. . . အကြောင်းအကျိုးနဲ့တကွ ဒကာ ဒကာမတွေ လည်လည်ပယ်ပယ်လည်း ဟောထားတော့ အခုပဋ္ဌာန်းနည်းနဲ့ ပြီးသွားပါပြီ . . . (မှန်ပါ့) ဒကာသစ် ကျေနပ်ရဲ့လား (ကျေနပ်ပါတယ်ဘုရား)။

ပုရေဇာတပစ္စယော ဗျ . . . (မှန်ပါ့) သူ့ကို ရှေးကျတဲ့ နှစ်ခုက ကျေးဇူးပြုလိုက်လို့ ပေါ်လာတယ်တဲ့ (မှန်ပါ့) မြင်စိတ် ကလေးဟာ . . . (ပေါ်လာပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပာဒ်နည်း

ကဲ-တစ်ခါ ပဋိစ္စသမုပ္ပာဒ်နည်း ပြောလိုက်ပါဦးမယ်တဲ့၊ ပဋ္ဌာန်းနည်းပြီးသွားတော့ . . . (မှန်ပါ့) ပဋ္ဌာန်းနည်းပြီးသွား တော့ ပဋိစ္စသမုပ္ပာဒ်နည်းက အားလုံး ဒကာ ဒကာမတွေသိတဲ့ အတိုင်း '**စက္ခုံစ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ**' (မှန်ပါ့)။

ဩော် . . . သူတို့နှစ်ခုပေါင်းမှ သူပေါ်တယ်ဆိုတော့ ကဲ . . . ပဋိစ္စသမုပ္ပာဒ်နည်းနဲ့ ပဋ္ဌာန်းနည်း ဟပ်မသွားဘူးလား . . . (ဟပ်သွားပါတယ်ဘုရား)။

ဒါ အင်မတန်သဘောပါအောင်လို့ ပြောနေတယ် (မှန်ပါ့) ဒကာ ဒကာမတွေ ဘုရားအမျိုးမျိုးဟောတာကို အမျိုးမျိုးပဲနားလည်အောင် ဒကာ ဒကာမတွေကို ချီးမြှောက် နေတယ် . . . (မှန်ပါ့)။

ကြည့်လေ '**စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ**' မျက်လုံးနဲ့အဆင်းနဲ့ပေါင်းမှ မြင်စိတ်ပေါ်တယ်ကွတဲ့ (မှန်ပါ့ ဘုရား) ဒါက ဘာနည်းတုံးဆိုတော့ ပဋိစ္စသမုပ္ပာဒ်နည်း . . . (မှန်ပါ့) ခုနင်က ပုရေဇာတပစ္စယောဆိုတာက . . . (ပဋ္ဌာန်း နည်းပါဘုရား)။

ကောင်းပြီတဲ့ ဒါဖြင့် သဘောကျပြီဘုရား၊ မြင်စိတ်ကလေးပေါ်တော့ တပည့်တော်တို့ ကောင်းကောင်းကျေနပ်ပြီ၊ သူ့အကြောင်းတိုက်ဆိုင်လို့ပေါ်လာတာ၊ ပဋ္ဌာန်းနည်းနဲ့ကျေးဇူးပြုလိုက်လို့ပေါ်လာတာ၊ ပဋိစ္စသမုပ္ပာဒ်နည်းကြောင့်လည်း ပေါ်လာတာပဲ . . . (မှန်ပါ့)။

## သစ္စာပွဲ့လိုက်တဲ့အခါ သစ္စာဆိုက်ပုံ

သစ္စာဖွဲ့စမ်းပါဦး. . . (မှန်ပါ့) ဒါ ဘာသစ္စာတုံးလို့မသိပြန်လည်း ဒကာ ဒကာမတွေမှာတဲ့ မရှုတတ်ဘဲဖြစ်နေမှာ စိုးရတယ် . . . (မှန်ပါ့) ဆိုတော့ ခင်ဗျားတို့က ဓမ္မစကြာထဲမှာ ရဘူးတဲ့လူလည်းများပါလိမ့်မယ်. . . (မှန်ပါ့) **'သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာဒုက္ခာ'** . . . (မှန်ပါ့) ခန္ဓာငါးပါး ဘာပဲလာလာ ဘာသစ္စာတဲ့တုံး . . . (ဒုက္ခသစ္စာပါဘုရား)။

ကိုင်း. . . ဒါဖြင့် ဒါကလေးက ဝိညာဏက္ခန္ဓာ. . . (မှန်ပါ့) ဒါကလေးက ဒီအပေါ်မှာ လာပေါ်ပြီး ဒီအပေါ်မှာပဲ သူဒီအပေါ်မှာမွေးပြီး ဒီအပေါ်မှာ သေတာပဲ. . . (မှန်ပါ့)။

ဒီအပေါ်မွေးဒီအပေါ်သေတယ်ဆိုတော့ ဝိညာဏက္ခန္ဓာဖြစ်နေတော့ သူ့ကို ဘာသစ္စာလို့ဆိုကြမလဲ. . . (ဒုက္ခသစ္စာပါဘုရား) ပေါ်သွားပြီ . . . (မှန်ပါ့ဘုရား)။

## သုံးနည်းစလုံးနဲ့ကိုက်တယ်

ဩော် ... ဒကာကြွယ်ဒီနေ့ ဘယ်နှစ်နည်းနားလည်ရလဲ (သုံးနည်းနားလည်းရပါတယ်) ဘုန်းကြီးက ပေးတာကဖြင့် အဖိုးဖြင့်မဖြတ်နိုင်အောင် တန်ပြီနော်. . . . (မှန်ပါ့) ယူတတ်တဲ့ပုဂ္ဂိုလ်က ကလေး မဖြစ်ပါစေနဲ့. . . (မှန်ပါ့)။

ယူတတ်တဲ့ပုဂ္ဂိုလ်က-(ကလေးမဖြစ်ပါစေနဲ့) ကလေးမဖြစ်ပါစေနဲ့လို့ ပြောတော့၊ တပည့်တော်တို့များ အရှင်ဘုရားမို့ ပြောရက်ပါပေတယ်လို့ ဆိုချင်ဆိုမယ်၊ ခေါင်းဖြူစွယ်ကျိုးတွေက (မှန်ပါ့) ဒကာကြွယ် ကလေးပါပဲတဲ့၊ မသိတဲ့လူဟာ မသိတဲ့အပေါ်မှာတော့ ကလေးကျတာပဲ. . . (မှန်ပါ့) ကဲ. . . အခုသုံးနည်းစလုံးနဲ့ ကိုက်ပါပလား. . . (ကိုက်ပါပြီဘုရား)။

ဒါကလေးဟာ ခန္ဓာဖွဲ့လိုက်တော့ ခန္ဓာကတော့ ဝိညာဏက္ခန္ဓာပဲ. . . (မှန်ပါ့) ဝိညာဏက္ခန္ဓာဆိုတော့ ဘုရားက ခန္ဓာ ငါးပါးစလုံး ဒုက္ခသစ္စာကွဆိုပြီးဟောတော့ သူကျန်နေရစ်သေးသလား. . . (မကျန်ပါဘုရား)။

ဒါဖြင့် သူ ဒီအပေါ်မှာဖြစ်ပြီး ဒီအပေါ်မှာပျက်တဲ့အတွက် သူ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

## မျက်စိကဖြစ်ပျက်၊ ရှုတာကမင်္ဂ

အဲဒါကြောင့် ဒကာ ဒကာမတွေ မြင်တယ်ဆိုရင်

ဒီအပေါ်ဖြစ်ပျက်၊ ဩော်. . . ဒါ သူဖြစ်ပျက်ပါကလား၊ ဉာဏ်နဲ့ရှုပေးပါ. . . (မှန်ပါ့) ဒါ စက္ခုဝိညာဏ်ကို ရှုလိုက်တာပဲ (မှန်ပါ့) ရှုလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဟိုတိုက်ထဲမှာ နေ့လယ်က ပြခဲ့သလို ဒီမျက်စိက ဖြစ်ပျက်၊ ရှုတာကမဂ်ဖြစ်တော့ ဦးဗထွေးတို့၊ ဦးသန်းမောင်တို့နောက် ပဋိစ္စသမုပ္ပါဒ် လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါ) ဟ-ဘယ်သူကဖြတ်လိုက်ပါလိမ့် . . . (မဂ်ဖြတ်လိုက်ပါတယ်ဘုရား)။

## ပဋိစ္စမုပ္ပာဒ်၊ နောက်ခန္ဓာပြတ်တယ်

ခင်ဗျားတို့ဟာ ခင်ဗျားတို့သေချာပြီ . . . (မှန်ပါ့ဘုရား) ဩော်. . . ဒို့အလုပ်မှန်တယ်. . . (မှန်ပါ့) ဒို့အလုပ်သည်ကားလို့ ဆိုရင် ပဋိစ္စသမုပ္ပာဒ်ဆိုတဲ့ နောက်ခန္ဓာဖြတ်တယ် (မှန်ပါ့ဘုရား)။

နောက်ခန္ဓာဖြတ်တယ်ဆိုကတည်းက တစ်ခါ ပဋိစ္စသမုပ္ပာဒ်မှာလဲ အကွက်ကျကလေး ဘုန်းကြီးပြောလိုက်ပါ့မယ် (မှန်ပါ့) ဒီကနေသွားလိုက်တာ ပဋိစ္စသမုပ္ပာဒ်ဆုံးအောင် ဆောင်ရွက်ကြည့်လိုက်တော့ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ . . . (မှန်ပါ့ဘုရား) ဒကာသစ် အဆုံးကျတော့ ဘာလာသတုံး . . . (ဒုက္ခက္ခန္ဓဿသမုဒယောဟောတိ လာပါတယ်ဘုရား)။

အဲဒီကျအောင်ကို ကျုပ်တို့က ဒီမြင်တဲ့စိတ်ကလေး ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဒီဘက်က ဒုက္ခပေးမည့် တရားတွေရော လာသေးရဲ့လား . . . (မလာပါ) မလာလို့ ဒီဘက်အဆုံးမှာ ဒုက္ခက္ခန္ဓသာ သမုဒယော ဟောတိ ဒုက္ခအစုကြီး ဖြစ်တယ်လို့ ဘုရားကဟောတာကိုး . . . (မှန်ပါ့) လာကိုလာသေးရဲ့လား (မလာပါဘုရား)။

ဘယ့်နှယ်ကြောင့်မလာပါလိမ့် . . . (မင်ဖြတ်လိုက်လို့ပါ ဘုရား) ရှုတဲ့မင်က ဖြတ်လိုက်တယ် . . . (မှန်ပါ့ဘုရား)။

## ဒို့ဒုက္ခသိမ်းတဲ့တရား

ဩော်. . ဒါဖြင့် ဒီတရားမှန်တယ်လို့ ဆုံးဖြတ်ချက်ချရုံပဲ . . . (မှန်ပါ့) ဒို့ ဒုက္ခသိမ်းတဲ့တရား . . . (မှန်ပါ့) ကဲ ရှုမှပဲ (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

တယ် အဖိုးတန်ပါကလား. . . ဒကာကြွယ်၊ ဟင် . . . (တန်ပါတယ်ဘုရား) အဖိုးတန်တယ်တဲ့. . . ဘုရား တစ်ဆူ တစ်ဆူမှ တစ်ခါတစ်ခါ ကြားရတာ . . . (မှန်ပါ့ဘုရား)။

လွယ်တာမဟုတ်ဘူး၊ လွယ်တာမဟုတ်ဘူး ဦးသန်းမောင်တို့ ပေ့ါပေ့ါမနာပါနဲ့ . . . (မှန်ပါ့ဘုရား)။

ဦးဗထွေး ပေ့ါပေ့ါနဲ့ . . . (မနာပါဘုရား) ပေ့ါပေ့ါနဲ့ ဘယ်သူမှ မနာကြပါနဲ့ ဒကာ ဒကာမတို့၊ ဒါ အင်မတန်အရေး

ကြီးတယ် မှတ်ကြပါ . . . (မှန်ပါ့) ဒါ ဒုက္ခသစ္စာဆိုတာရော ယုံပလား (ယုံပါပြီဘုရား)။

ဖြစ်ပြီးပျက်တော့ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) ဩော် . . . ဒါဖြင့် ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ ဒီကဖြစ်ပျက်သွားတာကို ရှုလိုက်တဲ့အတွက် ရှုတဲ့ဉာဏ်သည် ဘာကို သိသတုံးမေးရင် ဘယ့်နှယ်ပြောကြမလဲ . . . (ဒုက္ခသစ္စာ သိပါတယ်) ဒုက္ခသစ္စာပဲ သိတယ် (မှန်ပါ့ဘုရား) ရှုတဲ့ဉာဏ်က ဘာသိသလဲ . . . (ဒုက္ခသစ္စာပဲ သိပါတယ်ဘုရား)။

## သစ္စာသိတဲ့ဉာဏ်

ဒါဖြင့် ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဘုရား့၊ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဘုရား့လို့ ခင်ဗျားတို့ရှုတဲ့ဉာဏ်က မသိဘူးလား . . . (သိပါတယ်) ဒါဖြင့် ခင်ဗျားတို့ သစ္စာသိတဲ့ဉာဏ် . . . (မှန်ပါ့ဘုရား)။

ဒါက သစ္စာ . . . (မှန်ပါ့) ဒီဘက်က . . . (ဉာဏ်ပါဘုရား) သိတဲ့ဉာဏ် . . . (မှန်ပါ့ဘုရား)။

ဒီဘက်က ဘာပါလိမ့် . . . (သစ္စာပါ) ဒီဘက်က . . . (သိတဲ့ဉာဏ်ပါဘုရား) သစ္စာသိတဲ့ဉာဏ်ဆိုတော့ သစ္စာသိလို့ မှတ်ထား တစ်ခါတည်း သောတာပန် တည်တာလဲ သစ္စာသိမှ တည်တာပဲ . . . (မှန်ပါ့) ဘုရားဖြစ်တာလဲ (သစ္စာသိမှဖြစ်တာပါဘုရား)။

## သစ္စာမသိပဲသေသွားမှာစိုးလို့

ဒါဖြင့် ဒို့ဒီအလုပ်ဟာ ဘုန်းကြီးက အရှုခိုင်းနေတာ ဘယ့်နှယ်ကြောင့် ဒါလောက်ပြင်းပြင်းထန်ထန် အရှုခိုင်း နေရပါလိမ့်မတုံး၊ ဒို့ကို တိုက်တွန်းတာကလဲမျှားလိုက်တာ (မှန်ပါ့ဘုရား)။

တစ်ခါတလေကျတော့ ငရဲခန်းတွေနဲ့တောင်မှ ပြောလိုက်သေးတယ် . . . (မှန်ပါ့ဘုရား)။

ရှုစေချင်လွန်းလို့ . . . (မှန်ပါ့) ဩော်. . . ခင်ဗျားတို့ သစ္စာမသိဘဲ သေသွားမှာစိုးလို့ . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ကြပါပြီဘုရား)။

ဘယ်လိုသေသွားမှာစိုးလို့ပါလိမ့် . . . (သစ္စာမသိဘဲ သေသွားမှာ စိုးလို့ပါဘုရား)။

## ဒေဝီလရသေ့ကြီးငိုတယ်

သစ္စာမသိဘဲ သေသွားတော့ကို ဒေဝီလရသေ့ကြီး ငိုတာ ဘာဖြစ်လို့ ငိုသတုံး . . . (သစ္စာမသိဘဲ သေသွားမှာမို့ပါ) သစ္စာမသိဘဲနဲ့ သေသွားမှာမို့ပါ၊ သူက ကလေးကလေးက အခုမှ လသားရှိသေးတယ် သိဒ္ဓတ္ထမင်းသားက . . . (မှန်ပါ့ဘုရား)။

သုဒ္ဓေါဒနဘုရင်က ကလေးကလေး ပြတဲ့ အခါကျတော့ ငိုတယ် . . . (မှန်ပါ့) ဩော် . . . သစ္စာတရားဟောမည့် ကလေး မမီပါဘူးလို့ ငိုရှာတယ် . . . (မှန်ပါ့ဘုရား)။

အဲဒီမှာ သူမငိုဘဲနဲ့ ကလေး ကလေးကလဲ လူလား မြောက် သူကလဲ အသက်ရှည်နေလို့ ရဦးမယ်ဆိုရင် တစ်ခါတည်း နိဗ္ဗာန်ရမှာကိုး . . . (မှန်ပ့ါဘုရား)။

## ငါတော့အရှုံးကြီးရှုံးပြီ

ငါတော့ အရှုံးကြီးရှုံးတယ်ဆိုပြီး ငိုတာ (မှန်ပ့ါ) သစ္စာ ဟောမည့်ကလေးက လူလားမမြောက်သေးဘူး (မှန်ပ့ါဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာတော့ ဩော် . . . လူလားကလဲ မြောက် သစ္စာကလဲနာရဆိုတော့ ဒေဝီလလို ငိုပွဲမဆင်ရပါဘူး . . . (မှန်ပ့ါဘုရား)။

## ဒို့ကျွတ်တမ်းဝင်မည့်အချိန်ဟာ ဒီအချိန်ပါလား

ပြုံးပွဲသာဆင်ပါ (မှန်ပ့ါ) ဩော် . . . ဒို့ ပါရမီ တယ်ထူး ပါကလား၊ ဟောမည့်ပုဂ္ဂိုလ်ကလည်း အရွယ်ရောက် . . . (မှန်ပ့ါ) နာမည့် ပုဂ္ဂိုလ်ကလည်းထောင်တတ်တဲ့ နားရှိတော့ အရွယ်ရောက် (မှန်ပ့ါ) ဩော် . . . ကျွတ်တမ်းဝင်မည့် အချိန်ဟာ ဒီအချိန်ပါကလား . . . (မှန်ပ့ါ) ဘာမှမလျှော့နဲ့ ဒါသေချာနေပြီ . . . (မှန်ပ့ါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါနဲ့ ဒေဝီလငိုတာတော့ ဒကာကြွယ်၊ ဒေဝီလက အဲဒီအချိန်မှာ အသက်ရှစ်ဆယ်လောက်ရှိပြီ . . . (မှန်ပ့ါ) သိဒ္ဓတ္ထ

မင်းသားကလေးက ပွဲ့ချီရတုန်းရှိသေးတယ် (မှန်ပ့ါ) ကဲ . . . ငိုသင့်မငိုသင့် . . . (ငိုသင့်ပါတယ်ဘုရား)။

သူ့အသက်တမ်းကလဲ မရဏစေမွှာမှီ မရဏံ အနတီတော ဘယ်သူတားလို့ရသလဲ . . . (မရပါဘုရား) မရတော့ ဦးမာဒင် ငိုရုံရှိတာပဲ . . . (မှန်ပ့ါဘုရား)။

## ဒေဝိလရသေ့ကြီးရယ်ပြန်တယ်

နောက်ငိုပြီးသကာလ ဒေဝိလရသေ့ကြီးက ရယ်ပြန်တယ် (မှန်ပ့ါ) မရယ်ဘူးလား . . . (ရယ်ပါတယ်ဘုရား) ဩော် . . . ငါတော့ ကျွတ်တမ်းမဝင်ရဘူး၊ သူများကျွတ်တမ်းဝင်ဖို့အတွက် ဝမ်းသာလိုက်တာ . . . (မှန်ပ့ါ) သူဟာ သစ္စာဟောမည့်ကလေး (မှန်ပ့ါဘုရား)။

သူများအတွက်တော့ ပြုံးရရှာတယ် (မှန်ပ့ါ) သူ့အတွက်တော့ . . . (ငိုရပါတယ်ဘုရား)။

အဲ. . . ခင်ဗျားတို့လဲ ဆရာကောင်း၊ သမားကောင်းနဲ့ မတွေ့လို့ရှိရင် ငိုရဦးမှာပဲ . . . (မှန်ပ့ါ) ငိုရဦးမှာ . . . (ငိုရဦးမှာပါဘုရား)။

အခုကြည့်လေ ဒကာကြွယ်တို့ ဘိုးတွေ၊ ဘွားတွေ တချို့ သစ္စာမနာလိုက်ရတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကမရဘူး . . . (မရပါဘုရား)။

မသိလို့သာ မငိုရှာကြတယ်. . . (မှန်ပါ့) သိရင်ဖြင့် အန္တုကြီး ရှုံးသွားလေရဲ့ . . . (မှန်ပါ့) ဦးမာဒင် ပြောထိုက်၊ မပြောထိုက်. . . (ပြောထိုက်ပါတယ်ဘုရား)။

ကဲ. . . ဒါက ဒေဝီလရသေ့ဆိုတာက နန်းတော်ထဲ ဆွမ်းခံစားတဲ့ ကိုယ်တော်ကြီး . . . (မှန်ပါ့) နန်းတော်က ကိုးကွယ်နေတဲ့ သုဒ္ဓေါဒန ဘုရင်တို့က ဘုရားမပွင့်ခင်က သူ့ကို ဘုရားလုပ် ကိုးကွယ်တယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

နောက်ကျတော့ အနှစ်သုံးဆယ်လောက် အချိန်ရောက်တော့ တောထွက်ပြီး ဘုရားဖြစ်တယ် . . . (မှန်ပါ့)။

## ဆရာအာဠာရ ရသေ့

ဘုရားဖြစ်တော့ သူ့လောကီဆရာ အာဠာရ ရသေ့ တစ်ပါးရှိတယ် . . . (မှန်ပါ့ဘုရား) ဉဒက ရသေ့လို့လဲ တစ်ပါး ရှိတယ် . . . (မှန်ပါ့) ဈာန်တွေပင်ရတယ် . . . (မှန်ပါ့)။

ဘုရားဖြစ်တော့ သူတွေးလိုက်တယ်၊ ကဆုန်လပြည့်နေ့က ငါ့မှာလဲ ဘုရားဖြစ်ပြီ၊ သစ္စာလေးပါး ဘယ်သူ့ဟောရပါ့မတုံး၊ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဟောမှ ရမှာပဲဆိုပြီး လက်ဦးဆရာ အာဠာရ ရသေ့ ကိုတွေးလိုက်တယ် . . . (မှန်ပါ့)။

## ခုနှစ်ရက်ကသေနှင့်ပြီ

ခုနှစ်ရက်က သေနှင့်ပြီ. . . (မှန်ပါ့) ရှုံးပြီပေါ့. . . လို့ ဘုရားကပြောလိုက်တာ. . . (မှန်ပါ့) ရှုံးခြင်းကြီးမက ရှုံးသွားပြီ၊ သစ္စာတရားနဲ့ လွဲသွားပြီ. . . (မှန်ပါ့) သစ္စာတရားဟောရင် ချက်ချင်းကိစ္စပြီးတယ် . . . (မှန်ပါ့)။

ကဲ. . . ခင်ဗျားမသေနှင့်တာလဲ ရှုံးတဲ့ဘက်ကလား၊ မြတ်တဲ့ ဘက်ကလား . . . (မြတ်တဲ့ဘက်ကပါဘုရား)။

ခင်ဗျားတို့ ပေါ့ပေါ့တန်တန် မလုပ်ပါနဲ့ဆိုတာ ဘုန်းကြီးက တိုက်တွန်းတာလား၊ အလုပ်သွားကိုက အဆင်ပြေနေလို့ ပြောရတာလား . . . (အလုပ်သွားကိုက အဆင်ပြေနေလို့ ပြောရတာပါဘုရား) ဒကာကြွယ်ရိပ်မိပြီ . . . (ရိပ်မိပါပြီ) ခင်ဗျားတို့ အသေစောရင် သွားပြီဗျ . . . (သွားပါပြီ) သွားပြီ၊ သွားပြီအသေစောလို့ရှိရင်. . . (မှန်ပါ့)။

## အာဠာရတော့ အရှုံးကြီးရှုံးပြီ

ကဲ. . . ဒါနဲ့ပဲ အင်း. . . အာဠာရတော့ဖြင့် အရှုံးကြီး ရှုံးပြီ၊ ရှုံးတာက ဘယ်လောက်တုံးလို့ ဦးမာဒင်တို့ ဦးသန်းမောင်တို့က မေးဖို့လိုတယ်. . . (မှန်ပါ့ဘုရား)။

ကမ္ဘာများစွာ ခန္ဓာ့ဝန်ထမ်းပြီး၊ အိုပွဲ၊ နာပွဲ၊ သေပွဲနဲ့နေရမယ် . . . (မှန်ပါ့) ကမ္ဘာပေါင်းများစွာ . . . (မှန်ပါ့) ဘယ်လောက်ဆိုးရွားသလဲ . . . (ဆိုးရွားပါတယ်ဘုရား)။

အင်မတန်ကြောက်စရာ မကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား) အိုပွဲ၊ နာပွဲ၊ သေပွဲနဲ့ချည်း နေရဦးမှာ ကိုးဗျ . . . (မှန်ပါ့ဘုရား)။

ဒါ သစ္စာတရား မနာလိုက်ရလို့ အရှုံးကြီး ရှုံးနေပြီဆိုတဲ့ အဓိပ္ပါယ်ဖြင့် ဦးမာဒင်ပေါ်ပြီ . . . (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့က ပြောဖို့ရာ မသင့်ပြြား သော်လဲ ဒကာ ဒကာမထို့ အားတက်လာအောင် ဘယ်လို ပြောရသလဲ၊ သေမှာတောင် အောင့်ထားဦးဟေ့၊ ဒါကလေး သိအောင် လုပ်သွားပါဦး . . . (မှန်ပါ့)။

## သေမှာတောင်အောင့်ထားပါဦး

သေမှာတောင် အောင့်ထားပါဦး၊ ဒီသစ္စာလေးပါး သိအောင် လုပ်သွားပါဦးလို့ ဒကာကြွယ်၊ တိုက်တွန်းထိုက်၊ မတိုက်တွန်းထိုက်. . . (တိုက်တွန်းထိုက်ပါတယ်ဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ ဘုရားဆရာတွေကို ဘုရား အပေါ်မှာ လောကီဆရာလုပ်လာတဲ့ လောကုတ္တရာမှာတော့ ဆရာမရှိဘူးပေါ့ဗျာ. . . (မှန်ပါ့) လောကီမှာ ဆရာလုပ်လာတဲ့ ပုဂ္ဂိုလ်တွေတောင်မှ သစ္စာတရားမနာရလို့ ကမ္ဘာပေါင်းများစွာ အရှုံးပေးကြရတယ်. . . (မှန်ပါ့) မနစ်နာဘူးလား . . . (နစ်နာပါ တယ်ဘုရား) ပေါ်ကြပြီနော် . . . (ပေါ်ပါပြီဘုရား)။

## ဆရာဥဒက ရသေ့၊ မနေ့ညကသေနှင့်တယ်

ဒါနဲ့ အာဋ္ဌာရတော့ ရှုံးပဟော့၊ ဘယ်သူ့ကို ဟောရပ့်မတုံး၊ ငါသစ္စာသိပြီ သစ္စာဟောမဟ. . . ဆိုပြီး ကြိမ်းဝါးရင်း မတ္တနဲ့ အဘိညာဉ်နဲ့ကြည့်လိုက်တယ် . . . (မှန်ပ့ါ) ဥဒကကိုဟောမှ တော်မယ်ဆိုပြီး ဒုတိယဆရာပေ့ါဗျာ . . . (မှန်ပ့ါ) သူကလဲ မနေ့ညက သေနှင့်တယ် . . . (မှန်ပ့ါ)။

ကဲ. . . ဒကာကြွယ် သီသီကလေးလွဲတယ်. . . (မှန်ပ့ါ) ဟာ. . . သူလဲရှုံးခြင်းကြီး ရှုံးပဟ. . . လို့ ဘုရားက ကြိမ်းဝါး ပြန်တယ် (မှန်ပ့ါ) သစ္စာတရား မနာလိုက်ရလို့ . . . (မှန်ပ့ါဘုရား) နာရင် ချက်ချင်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်မယ် . . . (မှန်ပ့ါဘုရား)။

ကဲ. . . ဒကာကြွယ် ဘယ်နှစ်ယောက်တုံး ရှုံးသွားတာ . . . (နှစ်ယောက်ပါဘုရား) ဒေဝီလပါ ထည့်လိုက်ပါဦး . . . (သုံးယောက်ပါဘုရား) သုံးယောက် ရှုံးသွားကြတယ် . . . (မှန်ပ့ါ)။

ဦးလှဘူး ကဲ. . . ကိုယ့်ကံအကြောင်း ကိုယ်ဖြည့်လာတဲ့ ပါရမီတွေ ပြည့်ကြောင်းကို ဘုန်းကြီးက ထုတ်ဖော်ပြောရမှာလား တဲ့ ဖြစ်စဉ်ကိုက ကိုက်နေတာလားဆိုတာ ဦးမာဒင် ဘာမှမငြင်း နဲ့ . . . (ဖြစ်စဉ်က ကိုက်နေတာပါဘုရား)။

## ပြုံးပြီးအားထုတ်ကြပါ

ဖြစ်စဉ်က ကိုက်နေတာ . . . (မှန်ပါ့) အဲဒီတော့ ဖြစ်စဉ်က ကိုက်ပြီးသကာလ နေတော့ ဒကာကြွယ်တို့က ပြုံးပြီး သကာလ အားထုတ်ဖို့ပဲ . . . (မှန်ပါ့)။

ကိုင်း . . . တောင်းသရွေ့ ဆုပြုသရွေ့ ကုသိုလ်တွေ ဒီနေရာစုပုံပြီး နောက်ဆုံးပိတ် ဇာတ်သိမ်းအောင်ပွဲယူမည့် အခါဟာ ဒီအခါပဲ. . . (မှန်ပါ့) ဒီလိုကို ဆုံးဖြတ်ချက်ချရမယ် . . . (မှန်ပါ့)။

အဖိုးတန်အောင် ပြောလို့ တန်တာလား၊ သက်သေခံ လုံလောက်လို့ တန်တာလား . . . (သက်သေခံလုံလောက်လို့ တန်တာပါဘုရား)။

## အဖိုးတန်လွန်းလို့ပြောနေတာ

တချို့က ဟာ. . . ဘုန်းကြီးက စကားသိပ်တတ်တာ၊ တရားက သိပ်ပြီးလည်းပြောတတ်တာလို့ ဦးမာဒင်တို့က ဘုန်းကြီးအပေါ် စွဲချက်မတင်နဲ့ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) အဖိုးကိုတန်လွန်းလို့ ပြောနေတာ. . . (မှန်ပါ့)။

ဟိုဝမ်းထဲမှာ ပဋိသန္ဓေနေတုန်း ရှိသေးတဲ့ ပုဂ္ဂိုလ်တွေ လူလားမြောက်မှာနဲ့ ဘုန်းကြီးတို့ ပျံတော်မူမှာနဲ့တော့ တန်းနေ တယ် . . . (တန်းနေပါတယ်ဘုရား)။

အဲဒါတွေကျတော့ ဘယ့်နှယ်စဉ်းစားမလဲ . . . (ရှုံးပါတယ်) ရှုံးဦးမှာပဲ၊ သဘောကျပလား . . . (ကျပါပြီ)။

ရှေ့သေနှင့်တဲ့ အာဠာရ၊ ဥဒကတို့လို ဒီလူ့ပြည်မှာ နေတဲ့ ပုဂ္ဂိုလ်တွေရော. . . (ရှုံးပါတယ်ဘုရား) ရှုံးသွားကုန်ပြီ . . . (မှန်ပါ့) ရှုံးသွားကုန်ပြီဆိုတာလဲ အထင်ရှားပါ . . . (မှန်ပါ့) ရှုံးသွားတယ်တဲ့ ဘယ်ဉာဏ်နဲ့ သေသွားသတုံးမေးတော့မှ ဦးမာဒင် ကမ္မဿကတဉာဏ် . . . (မှန်ပါ့) ဒကာသစ် ဘာတုံး . . . (ကမ္မဿကတဉာဏ်ပါဘုရား)။

ကျွေးမယ်ကွာ. . မွေးမယ်ကွာ၊ ပိုရင်လှူမယ်ကွာ၊ တန်းမယ်ကွာ. . . (မှန်ပါ့) ဒါ နောက်ဘဝကောင်းစားရေးပေါ့ကွာ ဆိုပြီးသကာလ နောက်ဘဝဘက်သာ လှည့်သွားတာပဲ. . . (လှည့်သွားပါတယ်ဘုရား) ဒကာ ဒကာမတို့ ဘဝဇာတ်သိမ်းတဲ့ သစ္စာဉာဏ်ရရဲ့လား . . . (မရပါဘုရား)။

သူတို့လဲ စွဲချက်တင်ရတော့မယ် (မှန်ပါ့) ရှုံးပြန်ပဟော့ . . . (မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ. . . (ရှုံးပြန်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာတော့ဖြင့် အင်း. . . အထိသုံးပါး ညီပြီပေါ့၊ လောကီအလိုနဲ့ပြောရင် . . . (မှန်ပါ့) အထိသုံးပါး ဘယ့်နှယ်တုံး . . . (ညီပါတယ်ဘုရား)။

## လျှော့ဈေးမလုပ်ပါနဲ့

ညီတဲ့အထဲက ခင်ဗျားတို့က လျှော့ဈေးမလုပ်နဲ့ . . . (မှန်ပါ့) အံမာ. . . လျှော့ဈေးက ခင်ဗျားတို့က ပါနေလို့ ပြောရတာ . . . (မှန်ပါ့) လျှော့ဈေးက ဘာပါသတုံးလို့မေးတဲ့ အခါကျတော့ ဒီကသစ္စာတွေဟောလို့ သစ္စာအလုပ် အထမမြောက်ခင် ခင်ဗျားတို့က ကိစ္စတွေ၊ ဗျာပါဒတွေ၊ မလွှဲသာ မရှောင်သာတာတွေ ဒါတွေက လာချင်လာတတ်တယ်. . . (မှန်ပါ့) မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

လာတော့ ဒါကညီညွတ်ပြီးသားကို ဒကာကြွယ်ပြန်ဖျက် တယ် . . . (မှန်ပါ့)။

ညီညွတ်ပြီးသားကို. . . (ပြန်ဖျက်ပါတယ်ဘုရား) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ညီညွတ်ပြီးသားကို . . . (ပြန်ဖျက်ပါတယ်ဘုရား) ဘယ်သူ့အပြစ်တုံး . . . (တပည့်တော်တို့အပြစ်ပါဘုရား) ကိုယ့် အပြစ်ပဲ . . . (မှန်ပါ့)။

## နောက်ဆုံးပိတ်၊ ဒုက္ခသိမ်းတဲ့ဘဝပဲ

ဘယ့်နှယ်ကြောင့် ဒီညီညွတ်ဖို့ရာကြီး ဘယ်လောက် ခင်ဗျားတို့ ပါရမီဖြည့်ခဲ့သတုံးဆိုလို့ရှိရင် မရေတွက်နိုင်ဘူး ဖြေရမယ် . . . (မှန်ပါ့) မဟုတ်ဘူးလား . . . (ဟုတ်ပါတယ် ဘုရား)။

ဒါဖြင့် နောက်ဆုံးပိတ်ဘဝပဲ ကိုယ့်ကိစ္စ ဒုက္ခသိမ်းတဲ့ ဘဝပဲလို့ ဆိုရင်ရော လွဲပါ့မလား . . . (မလွဲပါဘုရား)။

အဲဒါကို ခင်ဗျားတို့ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ငွေရေး၊ စောင်းရေးဆိုတဲ့ သာမညကိစ္စလေးက ထောပတ်ထမင်းနားမှာ ကျင်ကြီးတစ်ပဲသားကျတာလောက် နာတယ်. . . (မှန်ပါ့ဘုရား) သဘောကျပလား. . . (ပါပါပြီဘုရား)။

ထောပတ်ထမင်း၊ ဒံပေါက်ထမင်းနားမှာ ကျင်ကြီး တစ်ပဲသားဆိုတော့ ဟိုက တစ်ပိဿာခွဲလောက်ရှိတယ်၊ တစ်ပဲ သားကျသြားသော်လဲ ပျက်မှာပဲ . . . (ပျက်ပါတယ်ဘုရား)။

ဒကာကြွယ် ဘယ့်နှယ်ဆိုမလဲ . . . (ပျက်ပါတယ် ဘုရား) ခင်ဗျားစားချင်သေးရဲ့လား၊ မစားချင်ပါဘူး၊ ဘာဖြစ်သွား လို့တုံး . . . (ကျင်ကြီးတစ်ပဲသား ကျလို့ပါဘုရား) ပျက်စီးသွား တယ် (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ ကိစ္စလေးက ဒီ တစ်ပဲသားလောက်ကလေး . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ကိစ္စက . . . (တစ်ပဲသားလောက်ပါဘုရား) တစ်ပဲသားကလဲ အသုံးချလို့ ရရဲ့လား၊ တစ်ပွဲလုံး ပျက်သွား သလား . . . (တစ်ပွဲလုံးပျက်သွားပါတယ်ဘုရား)။

တစ်ပဲသားက . . . (တစ်ပွဲလုံးပျက်သွားပါတယ်ဘုရား) အံမာလေး ခင်ဗျားတို့ တစ်သံသရာလုံးလုပ်လာတာ အကုန်ပျက်

လိုက်တော့ပြောတာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

တစ်ပဲသားက ထမင်းတစ်ပွဲလုံး ပျက်ရတာက ဒါလောက် အဖိုးမတန်ပါဘူး . . . (မတန်ပါဘူးဘုရား) ဟုတ်လား၊ တစ်ကျပ် ခွဲ နှစ်ကျပ်ဆိုရင် ဒကာသစ်ရပါတယ် . . . (ရပါတယ်ဘုရား)။

## ဒီဆရာနဲ့ဒီသစ္စာသိရပါလို၏

အဲဒါ ပစ်လိုက်ရတာ ဘာမှအရေးမကြီးပါဘူး . . . (မှန်ပါ့) ဘဝများစွာ အဆင်းရဲခံပြီး သကာလ ဒီဆရာ ဒီသမားနဲ့ ဒီသစ္စာသိရပါလို၏၊ သစ္စာသိမှ နိဗ္ဗာန်က ပါတာကိုး (မှန်ပါ့) နိရောဓသစ္စာဆိုတော့ နိဗ္ဗာန်မဟုတ်လား . . . (မှန်ပါ့)။

အဲ. . . သစ္စာထဲမှာမှ နိဗ္ဗာန်ပါလို့ သစ္စာတရားကို ကိစ္စအဆုံးထားတဲ့တရား. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ကိလေသာကဆင်ခြေထိုးတယ်

အဲဒါကို ဒီနိဗ္ဗာန်မရောက်ခင် ဒုက္ခသစ္စာလောက် တွေ့ပြီး သကာလ ဒုက္ခချုပ်မှ နိရောဓသစ္စာက ပေါ်မှာကိုးဗျ . . . (မှန်ပါ့ဘုရား) အဲဒါကလေး မဆိုင်းနိုင်တာနဲ့ တစ်ခါတည်း ဒကာ

ဒကာမတွေက မလွှဲသာဘူးဘုရား မရှောင်သာဘူး ဘုရားနဲ့ ကိုယ့်ဆင်ခြေနဲ့ ကိုယ်ပေါ့ဗျာ . . . (မှန်ပါ့)။

ဒါကလဲ ဘယ်သူကပြောတာတုံးဆိုတော့ တစ်နေ့က တစ်ခါပြောပြီ ကိလေသာက ဆင်ခြေထိုးလိုက်တာ. . . (မှန်ပါ့)။

ဘယ်သူကထိုးတာပါလိမ့် . . . (ကိလေသာက ဆင်ခြေထိုးတာပါဘုရား)။

အဲဒီကိလေသာ ဆင်ခြေထိုးတာနဲ့ ဦးသန်းမောင်ရေ . . . ခုနင်ကပြောသလို တစ်ပဲသားနဲ့ပဲ တစ်ပွဲလုံးပျက်ပြီ . . . (ပျက်ပါတယ်ဘုရား) မပျက်သေးဘူးလား . . . (ပျက်ပါတယ်ဘုရား)။

တစ်ပွဲလုံးပျက်တော့ ပေယျ ပြောသလိုပဲရှိမှာပဲ . . . (မှန်ပါ့) ပေယျမှာ ဟောနေတဲ့တရားက ဒါနကထာဟောတုန်းက သူရှိတယ် . . . (မှန်ပါ့ဘုရား) သီလကထာဟောတော့ . . . (ရှိပါတယ်ဘုရား) သဂ္ဂကထာ နတ်ပြည်ရောက်ကြောင်းဟောတော့ . . . (ရှိပါတယ်ဘုရား) မဂ္ဂကထာ သစ္စာဟောမည်ကြံမှ ထပြေးတယ်. . . (မှန်ပါ့) ကဲ . . . မနာဘူးလား . . . (နာပါတယ်ဘုရား)။

## ပါရမီပြည့်စုံတဲ့အချိန် အဆုံးရောက်အောင်ယူပါ

နာပုံကလေးနည်းနည်းနားထောင်ကြည့်ပါဆိုတော့

တစ်နေ့ကလဲပြောခဲ့ပါပြီ. . . (မှန်ပါ့) ပေယျ အရိုးချည်း စုထားမယ်ဆိုရင် သုံးရက်တက် သုံးရက်ဆင်း . . . (မှန်ပါ့)။

ကဲ. . . သစ္စာတစ်ခုတည်း လွဲသွားတယ် (မှန်ပါ့) ဒါလောက်ထိအောင် သေရဲပါ့မလား မေးတော့လဲ. . . (မသေရဲပါဘုရား)။

မသေရဲလို့ရှိရင်ဖြင့် ပါရမီစုံတဲ့ဥစ္စာကို အကုန်ယူ. . . (မှန်ပါ့) အဆုံးရောက်အောင်ယူရမယ်. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## သာသာထိုးထိုးပေးနေတာ၊ အင်တင်တင်လုပ်မနေနဲ့

ခင်ဗျားတို့ကို သာသာထိုးထိုးပေးနေတာ. . . (မှန်ပါ့) ယူမည့်လူက အင်တင်တင်လုပ်မနေနဲ့ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

သာသာထိုးထိုးပေးတော့ ဒကာကြွယ်က အင်တင်တင်များ လုပ်ချင်သေးသလား . . . (မလုပ်ချင်ပါ) မလုပ်နဲ့ဗျ ဒီဥစ္စာဒကာသစ် ဒီဥစ္စာ သေသေချာချာ ကြိုးစားကြပါ ဆိုတာ တိုက်တွန်းပါတယ်. . . (မှန်ပါ့)။

အံမာလေး . . . ခင်ဗျားတို့ကို ပေါရတာနည်းနည်း၊ တိုက်တွန်းရတာကများများ ဖြစ်နေတယ်. . . (မှန်ပါ့)။

ဘာ့ကြောင့်တိုက်တွန်းရပါလိမ့်မတုံးဆိုတော့ လူကြီးတွေ မို့ပေါ့ . . . (မှန်ပါ့)။

ဒကာကြွယ် ရိပ်မိပလား. . . (ရိပ်မိပါပြီ) လူကြီးဆိုတာ အရှက်မရှိဘူး . . . (မှန်ပါ့)။

## လူကြီးတွေမှာ အရှက်မရှိဘူး

ဘာဖြစ်လို့ အရှက်မရှိသတုံးဆိုတော့ ဟိုငဲ့၊ ဒီငဲ့တွေ ဆိုတော့ ဟိုငဲ့၊ ဒီငဲ့တာက ဒကာသစ် တဏှာ မဟုတ်လားဗျ (မှန်ပါ့) လူကြီးတွေမှာ တဏှာများနေလို့ အရှက်မရှိဘူး . . . (မှန်ပါ့) . . . ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

လူကြီးဆိုတော့ လူငယ်လိုမဟုတ်ဘူးဘုရာ့၊ လူငယ် ကတော့ တစ်ခါတည်း ဩော်. . . သူမိုက်သေးတာပဲကွဆိုပြီး သကာလ ပြောပေဆိုပေမယ့်လဲ ငယ်တာနဲ့ဖုံးလိုက်ရင် ဒီပြင် အပြစ်တွေ အကုန်ပျောက်တယ် . . . (မှန်ပါ့)။

လူကြီးကတော့ မျက်နှာပြရမည့်နေရာ မျက်နှာပြရမယ် . . . (မှန်ပါ့) ကိုယ်ဝင်ပြောရမည့်နေရာ . . . (ကိုယ်ဝင်ပြော ရပါမယ်ဘုရား)။

## တရားတော့ ရှောင်တယ်

အဲဒါ လူကြီးဆိုတော့ ရှောင်လို့တိမ်းလို့က မကောင်းဘူး (မှန်ပါ့) တရားတော့ ရှောင်လိုက်၊ လူထဲတော့ မရှောင်နဲ့ . . .

(မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ) အဲဒါ ဆိုးရွားနေတယ် . . . (မှန်ပါ့) မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

ဒကာကြွယ် တရားတော့ ဘာတဲ့ . . . (ရှောင်ပါတယ်) ချမ်းသာကိုတော့ ရှောင်လိုက်ပေ့ါ၊ ဆင်းရဲတော့ ဖက်ထား (မှန်ပါ့) ဒီအဓိပ္ပါယ်ရောက်နေတယ် . . . (ရောက်ပါတယ်ဘုရား)။

ချမ်းသာကိုတော့ ဘာတဲ့ . . . (ရှောင်ပါတယ်) ဆင်းရဲတော့ (ဖက်ထားပါတယ်) ခင်ဗျားတို့ထက်ဆိုးတာ ဘယ်ရှိတော့မလဲ (မရှိပါဘုရား) ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ကဲ. . . ဦးလှဘူး ခင်ဗျားတို့ထက်ဆိုးတဲ့လူရှာဦး (မတွေ့ပါ) မတွေ့တော့ဘူး . . . (မှန်ပါ့)။

## တရားတော်ပြန်စကြစို့

ကဲ . . . ဒါဖြင့် ဒကာ ဒကာမတို့ တရားပြန်စကြစို့တဲ့၊ ဒီဥစ္စာ သစ္စာတရားကို ခဲယဉ်းတယ်ပြောတာပါ . . . (မှန်ပါ့)။

ကဲ . . . ဒကာ ဒကာမတို့ ပဋ္ဌာန်းနည်းနဲ့လဲ ဝိညာဏ် ပေါ်ပုံပြောပြီးပါပြီ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ရော . . . (ပြောပြီးပါပြီ) သစ္စာဆိုက်ပုံရော . . . (ပြောပြီးပါပြီဘုရား) ဒါ ဘာသစ္စာပါလိမ့် . . . (ဒုက္ခသစ္စာပါဘုရား)။

## ကိုယ့်အသေကို ကိုယ်မြင်တာ

ဒီအပေါ်မှာပေါ်ပြီး ဒီအပေါ်မှာ ပျက်ရတယ် . . . (မှန်ပါ့) ဒါဘယ်သူသေတာတုံး မေးလို့ရှိရင်ဖြင့် ကြည့်တဲ့မိမိသေတာ (မှန်ပါ့) ဒီအပေါ်မှာ မွေး၊ ဒီအပေါ်မှာ သေရရှာတယ် . . . (မှန်ပါ့) ဘယ်သူသေတာပါလိမ့် (ကြည့်မိတဲ့ မိမိသေတာပါ) ဒါတစ်ယောက်သေနေတာ . . . (မှန်ပါ့)။

ဩော် . . . ကိုယ့်အသေကို ဒကာ ဒကာမတို့ သိတဲ့ အတိုင်း ကိုယ့်ဉာဏ်နဲ့ကြည့်တော့မှ ကိုယ်မြင်တာ . . . (မှန်ပါ့) အသေမြင်တော့မှ **'မရဏမ္ဗိဒုက္ခံ'** (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

## ဒုက္ခသစ္စာကိုမြင်တာ

မရဏမ္ဗိ = ကိုယ့်အသေကို ကိုယ်မြင်ခြင်းသည်လည်း၊ ဒုက္ခ = ဒုက္ခသစ္စာကို မြင်ခြင်းပါပဲ . . . (မှန်ပါ့) ကိုယ့်အသေကို ကိုယ်မြင်တာ . . . (ဒုက္ခသစ္စာမြင်ခြင်းပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သစ္စာလည်းမြင်ပြီဆိုတော့ကို ဒါ ဒုက္ခသစ္စာ မြင်တာ . . . (မှန်ပါ့) ဒုက္ခသစ္စာမြင်ရင် ဒကာသစ်က ဒုက္ခသစ္စာဆုံးအောင် လိုက်-လိုက် . . . (မှန်ပါ့)။

## ဒုက္ခအဆုံးမှာ နိရောဓရှိတယ်

ဆုံးအောင်လိုက်တော့ ဘာတွေ့မယ်ထင်သတုံး . . . (နိရောဓမြင်ပါတယ်) ဒုက္ခအဆုံးမှာ နိရောဓရှိတယ် . . . (မှန်ပါ့) ဒုက္ခအဆုံးမှာ . . . (နိရောဓရှိပါတယ်ဘုရား)။

အဲဒီတော့ ဒုက္ခသစ္စာကလည်း ဘာတုံးလို့ ဘုရားက ဟောလိုက်တော့ ခန္ဓာငါးပါး ဟောလိုက်တယ် . . . (မှန်ပါ့) ဒီခန္ဓာကလေး ဆုံးအောင်လိုက်ကြည့်စမ်း . . . (မှန်ပါ့)။

## ဝေဒနာဆုံးအောင်လိုက်၊ စိတ်ဆုံးအောင်လိုက်

ဒါ ဘုန်းကြီးကလည်း ဒီဒကာ ဒကာမတွေ ခန္ဓာငါးပါး မဆုံးချင်နေပါစေ၊ ဝေဒနာဆုံးအောင်လိုက်ပါ. . . (မှန်ပါ့) စိတ်ဆုံးအောင်လိုက်ပါ. . . (မှန်ပါ့) ဒါပဲမဟောဘူးလား . . . (ဟောပါတယ်ဘုရား) အဲဒီတော့ ဒကာသစ် ဒါလိုက်ရုံပဲ . . . (မှန်ပါ့ဘုရား)။

ကဲ. . . တရားနှလုံးသွင်းကြ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ ရှိသရွေ့ ရှုတဲ့ဉာဏ်မှတစ်ပါး ကျန်တာတွေဟာ ဘယ်အချိန်ဘာဖြစ်ဖြစ်၊ ဘာပေါ်ပေါ် အားလုံး ဒကာဒကာမတွေ မှတ်စရာက ဒုက္ခသစ္စာပေါ်၍ ဒုက္ခသစ္စာပျောက်တာသာ မှတ်ပါ. . . (မှန်ပါ့) ရှုတဲ့ဉာဏ်ကို ချန်ထား (မှန်ပါ့)။

ရှုတဲ့ဉာဏ် ချန်ထားပြီး ကျန်တာတွေ ဉာဏ်အောက်မှာ ပေါ်လာတာတွေ ဘယ်ဟာ ကြည့်လိုက် ကြည့်လိုက် ခန္ဓာထဲ လျှောက်ကြည့်ပါ . . . (မှန်ပ့ါ) ဘာသစ္စာတွေ တွေ့ရသလဲ . . . (ဒုက္ခသစ္စာတွေ တွေ့ရပါတယ်ဘုရား)။

## စိတ်တွေကိုဖြစ်ပျက်ရှုပါ

အဲဒီတော့ ဒီပြင် ဒုက္ခသစ္စာတွေဆိုတော့ များနေမှာစိုးလို့ ဒကာ ဒကာမတွေ ဒီဝိညာဏစိတ်ခြောက်ပါး ကြည့်ပါ. . . (မှန်ပ့ါ) မျက်လုံးစိတ်ဖြစ်ပျက်ကိုကြည့်ပါ . . . (မှန်ပ့ါ) နားစိတ် ရော . . . (ဖြစ်ပျက်ကြည့်ရပါမယ်) နှာခေါင်းစိတ် ဖြစ်ပျက်ရော (ကြည့်ရပါမယ်) လျှာပေါ်-ပေါ်တဲ့စိတ်ကလေး၏ ဖြစ်ပျက်. . . (ကြည့်ရပါမယ်) ကိုယ်ပေါ်မှာ တစ်ကိုယ်လုံးမှာ ပေါ်ချင်တဲ့ နေရာပေါ်တဲ့စိတ်ကို . . . (ကြည့်ရပါမယ်) ဝမ်းထဲမှာ ကြံတွေးဆ တဲ့စိတ်တွေ . . . (ကြည့်ရပါမယ်) ရှုရှိုက်နေတဲ့ စိတ်တွေကို . . . (ကြည့်ရပါမယ်) ဖြစ်ပျက်ရှုပါ . . . (မှန်ပ့ါ)။

ရှုလိုက်တော့ ဒီဟာတွေဟာ ဘုရားက ဟောထားတော့ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ' ဆိုတော့ လောကီခန္ဓာတွေလဲ ဖြစ်နေသောကြောင့် ဒကာကြွယ် ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာ ပါဘုရား)။

ဩော် . . . ဒုက္ခသစ္စာဆိုတာ ဒကာ ဒကာမတို့ ဉာဏ်နဲ့ တည့်တိုင်း တွေ့တယ်လို့ အောက်မေ့ပါ . . . (မှန်ပါ့)။

## ဉာဏ်နဲ့တည့်တိုင်း၊ ဒုက္ခသစ္စာတွေ့တယ်

ဉာဏ်နဲ့တည့်တိုင်း တည့်တိုင်း (တွေ့ပါတယ်ဘုရား) ဉာဏ်နဲ့တည့်တိုင်း တည့်တိုင်း ဒုက္ခသစ္စာတွေ့တယ် . . . (မှန်ပါ့ ဘုရား)။

ဩော်. . . ဒါဖြင့် ဒို့သည်ကားလို့ ဆိုရင်ဖြင့် ရေထဲမှာ ရေရှာဖို့မလိုပါဘူး . . . (မလိုပါဘူးဘုရား)။

ရေထဲမှာ . . . (ရေရှာဖို့မလိုပါဘုရား) ရေတော့ ရှိတယ်ဗျာ၊ ရေက အရှာခက်လိုက်တာ ရေထဲနေတဲ့လူက ရေရှာဖို့မလိုဘူး . . . (မလိုပါဘူးဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာကို ဉာဏ်နဲ့သာ စိုက်ထား၊ ရေထဲရေရှာသလိုမနေပါစေနဲ့၊ ခန္ဓာကို ဉာဏ်နဲ့စိုက်ထားလို့ရှိရင်ဖြင့် မြင်စိတ်ကလေး ပေါ်လာလဲ ဩော်. . . ဒါ ခုနင်က ရေထဲမှာ တွေ့သလိုပဲ၊ ဒုက္ခသစ္စာပဲ . . . (မှန်ပါ့ဘုရား)။

## ပေါ်လာတာ ဒုက္ခသစ္စာ

နဂိုကိုက ဒုက္ခသစ္စာထဲမှာ ဉာဏ်က ထည့်ထားတာကိုး . . . (မှန်ပါ့) ပေါ်လာတာ ဒုက္ခသစ္စာ . . . (မှန်ပါ့ဘုရား)။

ပေါ်လာတာ . . . (ဒုက္ခသစ္စာပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဉာဏ်နဲ့ ဘယ်လှည့်ထားကြမလဲ . . . (ခန္ဓာ လှည့်ထားရပါမယ်) ခန္ဓာတစ်ခုလုံးဟာ ဘာသစ္စာတုံး . . . (ဒုက္ခ သစ္စာပါဘုရား)။

အဲဒီဒုက္ခသစ္စာတွေ အများကြီးထဲကမှ စိတ်ဒုက္ခသစ္စာကို ရှုပါ . . . (မှန်ပါ့ဘုရား)။

## စိတ်ဒုက္ခသစ္စာကိုရှုပါ

ဘယ်ဒုက္ခသစ္စာကိုလဲ . . . (စိတ်ဒုက္ခသစ္စာကို ရှုပါမယ် ဘုရား) စိတ်ရှုတော့လဲ များများမရှုပါနဲ့ . . . (မှန်ပါ့) မြင်စိတ်ပေါ်ရင်လဲ ရှုပါ. . . (မှန်ပါ့) ကြားစိတ်ပေါ်ရင် . . . (ရှုရမှာပါဘုရား)။

နံစိတ်ပေါ်ရင် . . . (ရှုရမှာပါဘုရား) စားစိတ်ပေါ်ရင် . . . (ရှုရမှာပါဘုရား) ကိုယ်ပေါ်မှာ ယားတဲ့-ကောင်းတဲ့စိတ်ပေါ် ရင် . . . (ရှုရမှာပါဘုရား)။

ကိုယ်ပေါ်မှာ ရှုရမယ် . . . (မှန်လှပါဘုရား) ယားတဲ့ စိတ်၊ ကောင်းတဲ့စိတ် ပေါ်ရင် ကိုယ်ပေါ်မှာရှု . . . (မှန်ပါ့ ဘုရား)။

ဝမ်းထဲမှာ ဝမ်းသာတဲ့စိတ်ပေါ်ရင်လဲ . . . (ရှုရမှာပါဘုရား) ဝမ်းနည်းစိတ်ပေါ်ရင် . . . (ရှုရမှာပါ) လျှုချင်၊ တန်းချင်တဲ့စိတ် ကလေးပေါ်လာရင် . . . (ရှုရမှာပါဘုရား)။

ပေးချင်၊ ကမ်းချင်တဲ့စိတ်ပေါ်လာရင် . . . (ရှုရမှာပါဘုရား) သနားတဲ့စိတ်ပေါ်လာရင် . . . (ရှုရမှာပါဘုရား) မေတ္တာရှိတဲ့စိတ်ကလေးပေါ်လာလဲ . . . (ရှုရပါမယ်ဘုရား) အကုန်ရှု-အကုန်ရှု၊ ရေထဲမှာပေါ်လာတာ ရေချည်းမှတ်ပေတော့ . . . (မှန်ပါ့ဘုရား) ဒီမှာလဲ ဉာဏ်အောက်ရောက်နေတာတွေ ဒုက္ခသစ္စာချည်း မှတ်ပေတော့ . . . (မှန်ပါ့ဘုရား)။

## နောက်ခန္ဓာမလာတာနိရောဓသစ္စာ

အဲဒီတော့ ဒုက္ခသစ္စာလို့ မပြည်ဘဲနဲ့ ဩော် . . . ဒါတွေသည်ကားလို့ ဆိုရင် ဖြစ်ပျက်နေတဲ့ ဓမ္မတွေပါကလားလို့ ဉာဏ်ထဲက မှတ်လိုက်လို့ရှိရင် ဒါ ဒုက္ခသစ္စာသိတာလို့ မှတ်လိုက်ပါ . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)

ဒါဖြင့် ဖြစ်ပျက်သည် ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ) သိတာက (မဂ္ဂသစ္စာပါ) ဒီဘက်ကို ပဋိစ္စသမုပ္ပာဒ် မထွက်လာတာက သမုဒယချုပ်တာ . . . (မှန်ပါ့ဘုရား)။

မထွက်လာသောကြောင့် နောက်ခန္ဓာမရတာက . . . (နိရောဓသစ္စာပါဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ကဲ. . . ယနေ့ဒီတွင် တော်ကြဦးစို့။